# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 31 August 2017 (၉၀၃၃)


## သီးနံ့များ ဈေးကောင်းရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် သီးနံ့များကို ခေတ်မီနည်းစနစ်များဖြင့် ဖန်တီးဆောင်ရွက်သင့်


ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၆


## Internet Access နှင့် e-Library ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားမည်


ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅


## ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိ


အမျိုးသားလွှတ်တော် စာမျက်နှာ » ၅


# မောင်တောဒေသမှ နေရပ်စွန့်ခွာလာသည့် တိုင်းရင်းသား ၁၀၀၀ ကျော် စစ်တွေဆိပ်ကမ်း ရောက်ရှိ

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ထွက်ပြေးလာခြင်းဖြစ်

**စစ်တွေ ဩဂုတ် ၃၀**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသရှိ ကျေးရွာအသီးသီးမှ နေရပ်စွန့်ခွာထွက်ပြေးလာကြသည့် ဒေသခံတိုင်းရင်းသား ၁၀၀၀ ကျော်တို့သည် ယနေ့တွင် ဘူးသီးတောင်မှတစ်ဆင့် စစ်တွေဆိပ်ကမ်းသို့ ရေယာဉ်လေးစင်းဖြင့် ရောက်ရှိလာကြသည်။

ယနေ့ရောက်လာကြသည့် နေရပ်စွန့်ခွာလာကြသူများအား စစ်တွေသင်္ဘောဆိပ်ကမ်းတွင် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


**စာမျက်နှာ ၉ ကော်လံ ၃ သို့**




မောင်တောဒေသမှ နေရပ်စွန့်ခွာထွက်ပြေးလာကြသူများ စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယူးမက္ကဆီကိုပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Mr. Bill Richardson တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# မြန်မာ-အမေရိကန် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Mr. Bill Richardson အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ Gavi-The Vaccine Alliance အဖွဲ့အစည်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta နှင့် ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ လွှတ်တော်အမတ်များအား နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

Gavi - The Vaccine Alliance အဖွဲ့အစည်း၏


**စာမျက်နှာ ၃ ကော်လံ ၃ သို့**



KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ကုန်သွယ်စီးဆင်းမှုကို ကုစားဖြေရှင်း

မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာ့ပဲလောကအတွင်း ဂယက်ရိုက် လှုပ်ခတ်သွားခဲ့သည်။ ဆန်စပါးကို အဓိကစိုက်ပျိုးသောနိုင်ငံတွင် ပဲလောကအတွက် အကျပ်ရိုက်မှုမှာ စိတ်ဝင်စားဖွယ်ပင်။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကအားထားစိုက်ပျိုးသည့်နိုင်ငံဖြစ်သော်လည်း စီးပွားရေးတွက်ခြေကိုက်သည့် ပြည်ပပို့ကုန်မှာမူ မြန်မာ့ပဲလောကမှ ပဲအမျိုးမျိုးဖြစ်နေသည်။

တစ်ချိန်သောကာလက မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်မှာ ဆန်စပါးဖြစ်ခဲ့သော်လည်း ယခုအခါ ပြည်ပပို့ကုန်အတွက် အားမထားရဘဲ ပြည်တွင်းစားသုံးမှုအတွက်သာ အလုပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်ပအဓိကပို့ကုန်မှာ မြန်မာ့ပဲအမျိုးမျိုးဖြစ်လာခဲ့ပြီး အများဆုံးဝယ်ယူသည့်နိုင်ငံမှာ မြန်မာ့ပဲကို ကြိုက်နှစ်သက်သော အိန္ဒိယနိုင်ငံဖြစ်သည်။ ဝယ်ယူသော ပဲအမျိုးအစားမှာ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံဖြစ်သည်။

မြန်မာနိုင်ငံ၏ ပဲသုံးမျိုးကို နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဖိုး အိန္ဒိယက ဝယ်ယူသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးသည့်ပဲစင်းငုံကို ၉၂ ရာခိုင်နှုန်း၊ မတ်ပဲကို ၇၇ ရာခိုင်နှုန်းနှင့် ပဲတီစိမ်းကို ၁၀ ရာခိုင်နှုန်း ပြည်ပသို့ တင်ပို့ရသည်။ မတ်ပဲနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ခုနစ်သိန်းမှ ရှစ်သိန်းနီးပါးဈေးရခဲ့ပြီး အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုကန့်သတ်လိုက်ချိန်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ခြောက်သိန်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်ငါးသိန်းဝန်းကျင်သာ ဈေးပေါက်တော့သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ပဲတင်သွင်းမှုကို ကန့်သတ်လိုက်သလို ပဲဈေးနှုန်းကိုလည်း လျှော့ချလိုက်သည်။ အကြောင်းရင်းမှာ အိန္ဒိယ ပြည်တွင်း ပဲစိုက်တောင်သူများ၏ အကျိုးစီးပွားအတွက်ဖြစ်သည်။ အိန္ဒိယ ပြည်တွင်း ပဲဈေးကျဆင်းမှုကို ကုစားရန်အတွက်ဖြစ်သည်။ မြန်မာနိုင်ငံအတွက်မှာမူ ယခုနှစ်တွင် မတ်ပဲအတွက် ကျပ် ၅၄ ဘီလီယံခန့်နှင့် ပဲစင်းငုံအတွက် ကျပ် ၂၀ ဘီလီယံခန့် ဆုံးရှုံးနိုင်ဖွယ်ရှိနေသည်။

မြန်မာ့ပဲလောက အကျပ်အတည်းမှာ တောင်သူများအတွက်သာမက ကုန်သည်ပွဲစားများနှင့် နိုင်ငံ့စီးပွားရေးအတွက်ပါ ထိခိုက်နစ်နာနိုင်သည်။ ထိုအရေးကို ကုန်သည်များ၊ ကုန်သည်အသင်းတို့အပြင် နိုင်ငံ့ခေါင်းဆောင်များကပါ ဝိုင်းဝန်းအကြံထုတ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်ကြရသည်။ မကြာမီကာလ၌ မြန်မာနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ်ရောက်ရှိလာမည့် အချိန်တွင် နှစ်နိုင်ငံခေါင်းဆောင်များ ညှိနှိုင်းပေးရန် လိုလားနေကြသည်။

မိမိနိုင်ငံ၏အကျိုးစီးပွားကို ဆိုင်ရာနိုင်ငံတို့က ဦးစားပေးအလေးထားကြမည်သာဖြစ်သည်။ ဤအရေးသည် စီးပွားရေးလောကအတွက် သင်ခန်းစာယူစရာဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ ကမ္ဘာ့ကုန်သွယ်မှု ဈေးနှုန်းကျဆင်းခြင်းမဟုတ်ပါဘဲ အဓိကကျသော ပို့ကုန်များတွင် ကြုံတွေ့လာနိုင်သည့် နှစ်နိုင်ငံအနေအထားများကို မြော်တွေးသုံးသပ်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် လိုအပ်ချက်ဖြစ်သည်။ ယခုတစ်ကြိမ် ပဲလောကအပြောင်းအလဲကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု အနည်းနှင့်အများ ဖြစ်ပေါ်နိုင်သည်။ နောက်တစ်ကြိမ်အတွက် တောင်သူများ အခြားသီးနှံတို့ကို ပြောင်းလဲစိုက်ပျိုးမည်ဆိုပါက မိမိယာမြေနှင့်ကိုက်ညီသည့် သီးနှံ၊ မျိုးအလွယ်တကူရရှိမှု၊ သီးနှံပေါ်ချိန် ဈေးကွက်အာမခံချက်ရှိမှု စသည်တို့ကို ထည့်သွင်းတွက်ချက်ထားသင့်သည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်လျက်ရှိပြီး တစ်ဖက်ကလည်း တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလေးထားဆောင်ရွက်နေရသည်။ ယင်းအချိန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်မှုတို့အတွက် များစွာဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ ပို့ကုန်သီးနှံများအထွက်တိုးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ခေတ်မီသိုလှောင်ထိန်းသိမ်းမှုစနစ်ရှိရေး၊ ဈေးကွက်အသစ်များဖော်ထုတ်နိုင်ရေးတို့ကို ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။

ယခု မြန်မာ့ပဲလောကဂယက်အတွက် အခက်အခဲများရှိတန်ကောင်းသော်လည်း နောင်အရှည်သဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအမံကောင်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြပြီး မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဟု ရှုမြင်ပါသည်။ ။

## ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့်ပြန်လည်ပူးပေါင်းရေးအကြံပေးအဖွဲ့(ပဉ္စမ)အကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့် ပြန်လည်ပူးပေါင်းရေးအကြံပေးအဖွဲ့ (ပဉ္စမ)အကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့်ပြန်လည်ပူးပေါင်းရေး အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုအဆင့်ပြန်လည်ပူးပေါင်းရေးအကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်ညွန့်က ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် Individual အမြင်ဖြင့် မကြည့်ဘဲ ပြည်သူလူထုအကျိုး ရည်မှန်းကာ ရေရှည်အတွက် ဆောင်ရွက်ကြရန်၊ ဌာနအချင်းချင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရာတွင် တိကျရှင်းလင်းပြီး အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို လွှမ်းခြုံ ကြီးကြပ်ဆန်းစစ်ရန်အတွက် သီးခြားဌာနတစ်ခုကို တာဝန်ပေးရန်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု စနစ်တကျဖြစ်ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိက ဆေးရုံများ၏ အရည်အသွေး စစ်မှန်ကောင်းမွန်ရေး၊ ကွန်ပျူတာအခြေပြု လူ့စွမ်းအားအရင်းအမြစ်စနစ် အမြန်ဆုံးပြီးစီးရေး၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ်မူတည်ကာလုပ်ငန်းတာဝန်ခွဲဝေမှုများ တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဗဟိုအဆင့်ပြန်လည်ပူးပေါင်းရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်တို့က ဖွဲ့စည်းပုံ(မူကြမ်း)၊ စီမံခန့်ခွဲမှု၊ ဝန်ထမ်းရေးရာကိစ္စများကို လည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိန်ဝင်းက ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးရာတွင် ပိုမိုသွက်လက်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့် ပြန်လည်ပူးပေါင်းနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဒိုက်ဦး ဩဂုတ် ၃၀**

အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ လည်ပတ်ရန်ပုံငွေစနစ်တွင်အဖွဲ့မှ သဘောတူသောအတိုးငွေထည့်ဝင်၍ တိုးပွားလာသောငွေဖြင့် ကျေးရွာ၏လိုအပ်ချက်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲခြင်း ငွေစာရင်းသွင်းထိန်းသိမ်းနည်းသင်တန်းကို ကျေးရွာကော်မတီများအား ပို့ချခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်နှင့် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းကျေးရွာများဖြစ်သော လက်ခုပ်ကွင်း၊ ပလစ်၊ စစ်ဘိုကြီး၊ ဆာပါခြုံ၊ ဇလုပ်ကြီးကျေးရွာငါးရွာသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၅၀၀ ပေးအပ်သည်။

**ကျော်ကျော်(IPRD)**

## ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများ ရှင်းလင်း

**မိုးမိတ် ဩဂုတ် ၃၀**

မိုးမိတ်ခရိုင်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်က မိုးမိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးမိတ်ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တင်ဒါရ ကုမ္ပဏီဒါရိုက်တာများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀ မန္တလေး(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၇၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၇၀/၈၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၅/၆၈၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၈၀/၆၉၅ ကျပ်၊ | ၆၉၀/၇၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅/၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၆.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅.၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၉၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈.၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၈၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၀.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

**☆ အဝေးပြေးလမ်းမှ**

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဦးသန့်စင်မောင်၊ ကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက NRSC ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက် အရေးပါသကဲ့သို့ ပြည်သူလူထု၏အသက်အန္တရာယ်လုံခြုံမှုအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက်ပါ အထူးအလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ ဒုတိယအကြိမ် အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များတင်ပြနိုင်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြုံတွေ့ရသည့်အခက်အခဲများ၊ ကန့်သတ်ချက်များနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းအစီအမံများကို တင်ပြဆွေးနွေးနိုင်စေရန်နှင့် ထပ်တိုးလုပ်ငန်းအစီအမံများကို ဆွေးနွေးချမှတ်နိုင်စေရန် ရည်ရွယ်၍ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety)ဆိုသည်မှာ ယာဉ်မတော်တဆဖြစ်မှုများနှင့် ယင်းမတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများနှင့် လူမှုစီးပွားဘဝ ထိခိုက်နစ်နာဆုံးရှုံးမှုများ လျော့နည်းကျဆင်းသွားစေရေးမှစတင်၍ လုံးဝပပျောက်သွားစေရေး ရှေ့ဆက်မည်သို့ဆောင်ရွက်ရမည်ဆိုသည့် အချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးချင်းစီက အလေးထားလိုက်နာပူးပေါင်းဆောင်ရွက်ကြမှသာ တိုးတက်အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းသဘာဝမျိုးဖြစ်သကဲ့သို့ ဘက်စုံကဏ္ဍစုံမှ မဖြစ်မနေဝိုင်းဝန်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရမည့် လုပ်ငန်းမျိုးလည်း ဖြစ်ပါကြောင်း။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ မူလ Quick-win အစီအမံ(၄)ရပ်ဖြစ်သည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေး၊ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရေး၊ သောက်စားမူးယစ်၍ ယာဉ်မောင်းနှင်မှုမပြုရေးနှင့် ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေး လုပ်ငန်းစဉ်များအပြင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်မှုမပြုရေးလုပ်ငန်းစဉ်များကိုပါ ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်နေသည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည့် ယာဉ်မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများကို သတိပြုဆန်းစစ်ကြရမည်ဖြစ်ပါကြောင်း။

လမ်းသစ်များဖောက်လုပ် တည်ဆောက်ကြရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ထည့်သွင်းတွက်ချက်ပြီး လမ်းဒီဇိုင်းစံနှုန်းသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်သည့်အခါတွင်လည်း တာဝန်ယူဆောင်ရွက်နေကြသည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးပိုင်းကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့အတူ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြမီးတပ်ဆင်မှုများကို ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့ပတ်ဝန်းကျင်တွင် နှစ်ပေါင်းများစွာအရှိန်ယူခဲ့သည့် အဝေးပြေးလမ်းမကြီးများတွင် ယာဉ်ကျော်တက်နိုင်ရန် မှားယွင်းအချက်ပြနေသည့် အလေ့အကျင့်များနှင့် အယူအဆအမှားများကို လုံးဝပပျောက်စေပြီး မှန်ကန်တည့်မတ်လာသည်အထိ ဝိုင်းဝန်းပြုပြင်ပေးကြရမည်ဖြစ်ကြောင်း။

ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေး အရှိန်မြှင့်ဆောင်ရွက်ရာတွင် လိုအပ်သော ရန်ပုံငွေရရှိရေးအတွက် ယခုပြင်ဆင်ရေးဆွဲလျက်ရှိသော မော်တော်ယာဉ်ဥပဒေနှင့်အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကဏ္ဍစုံပါဝင်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များကို NRSC အဖွဲ့ဝင်များအနေဖြင့် သေချာစွာလေ့လာပြီး အလေးထားပူးပေါင်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

NRSC မှ ယာဉ်တိုက်ခိုက်မှု ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ထုတ်ပြန်ချပြခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့်လည်း အခြေအနေမှန်ကို သိမြင်လက်ခံပြီး ကြောင်းကျိုးသုံးသပ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပိုမိုအလေးထား လိုက်နာလာကြမည်ဖြစ်ပါကြောင်း။

အခြေခံပညာကျောင်းများတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကျောင်းသင်ခန်းစာများကို စတင်ထည့်သွင်းပြဋ္ဌာန်းလျက်ရှိသကဲ့သို့ အသက်အရွယ်အလိုက် ဖွံ့ဖြိုးလာသည့် အသိဉာဏ်အပေါ်မူတည်၍ ငယ်စဉ်ကလေးဘဝကတည်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုသည်မှာ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ တစ်ပါးသူအတွက်သော်လည်းကောင်း အန္တရာယ်ဖြစ်စေနိုင်သည်ဆိုသည့် အခြေခံအသိတရားကို လေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်ပါကြောင်း။

လူတစ်ဦးချင်းအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကိုယ်စီလိုက်နာထိန်းသိမ်းကြမည်၊ ယာဉ်များ၏ကြံ့ခိုင်မှု ကောင်းမွန်နေမည်၊ လမ်းများလုံခြုံစိတ်ချရမှုရှိနေမည်၊ လမ်းအသုံးပြုသူများအားလုံး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် ယာဉ်မတော်တဆ ဖြစ်ပွားမှုသည် လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဦးသန့်စင်မောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၁၇ ခုနှစ်၊ ယာဉ်တိုက်ခိုက်မှုဆိုင်ရာ အခြေအနေများနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဆပ်ကော်မတီအတွင်းရေးမှူးများက ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူးက ပုဂ္ဂလိကယာဉ်မောင်းသင်တန်းကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေး စည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Gavi-The Vaccine Alliance အဖွဲ့အစည်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**❒ မြန်မာ-အမေရိကန်မှ**

ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta နှင့် ဒိန်းမတ်နှင့်ဆွီဒင်နိုင်ငံတို့မှ လွှတ်တော်အမတ်များနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် Gavi အဖွဲ့အစည်းတို့အကြား လက်ရှိဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် ယင်းကဏ္ဍတွင် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း

## မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်

၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများ"အခန်း၌ **မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြရန်** သတ်မှတ်ပြဋ္ဌာန်းထားသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြသည်။ ထိုသို့လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီးနောက် **၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်** ဖြစ်သည်။

ထိုသို့ ပြောင်းလဲကျင့်သုံးမှု မတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ် ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်မည်။

ယာဉ်မောင်းအားလုံးအနေဖြင့် **မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌** နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**






# ပြည်သူများအနေဖြင့် အာဏာရပါတီအား မဲပေးရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် နှိုးဆော်

**ဖနောင်ပင် ဩဂုတ် ၃၀**

ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)အား ပြည်သူများအနေဖြင့် စဉ်ဆက်မပြတ် ထောက်ခံမှုပေးကြရန် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဩဂုတ် ၃၀ ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။ စီပီပီပါတီအား ထောက်ခံမဲပေးခြင်းသည် နိုင်ငံအတွင်း ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသော ငြိမ်းချမ်းရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အရှေ့တောင်အာရှဒေသရှိ ကမ္ဘောဒီးယားနိုင်ငံ၌ ဆဋ္ဌမအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။ ဖွံ့ဖြိုးတိုးတက်မှုအဆက်မပြတ်ဖြစ်ပေါ်စေရေးအတွက် ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် မည်သည့်ပေးဆပ်မှုမျိုးကိုမဆို ပေးဆပ်သွားမည်ဟု မြို့တော်ဖနောင်ပင် အရှေ့တောင်ဘက် ဆင်ခြေဖုံးဒေသရှိ ဇက်တက်စ်စက်မှုဇုန်၌ အထည်ချုပ်စက်ရုံလုပ်သား ၁၃၀၀၀ ကျော်တို့ထံ သွားရောက်စဉ် ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

စစ်မက်အန္တရာယ်များနှင့် ကြုံတွေ့နေရသည့် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမှ နိုင်ငံများ၏ အတွေ့အကြုံများအား ထောက်ပြပြီး ငြိမ်းချမ်းမှုမရှိက ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားသည်။

မိမိသည် အသက်အရွယ်ကြီးရင့်သည့် အခြေအနေသို့ ရောက်ရှိနေသော်လည်း နိုင်ငံအား အဘက်ဘက်မှ ဦးဆောင်နိုင်သည်အထိ ကြံ့ခိုင်မှုရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**






# ကာကွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက် ဂျပန်နှင့် ဗြိတိန်ထုတ်ပြန်မည်

**ကျိုတို ဩဂုတ် ၃၀**

ဂျပန်အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးပွဲ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့် ဗြိတိန်ဝန်ကြီးချုပ် ထရေဇာမေနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ကျိုတိုမြို့၌ အလွတ်သဘော တွေ့ဆုံခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးပွဲတွင် ဂျပန်နိုင်ငံပိုင်နက်နယ်မြေ ကောင်းကင်ယံမှ မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည် ဖြတ်သန်းခဲ့ခြင်း အပါအဝင် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ခေါင်းဆောင်နှစ်ဦးက အပြန်အလှန်ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။ ထို့ပြင် ကာကွယ်ရေးကဏ္ဍမြှင့်တင်ရေး၊ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ရေးအပါအဝင် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် အကောင်အထည်ဖော်လုပ်ဆောင်မှုများကို ခေါင်းဆောင်နှစ်ဦးအနေဖြင့် ဆွေးနွေးနိုင်ဖွယ်ရှိသည်။

ယခုခရီးစဉ်သည် ဗြိတိန်ဝန်ကြီးချုပ် ထရေဇာမေ အနေဖြင့် ဝန်ကြီးချုပ်အဖြစ် ဂျပန်နိုင်ငံသို့ ရောက်ရှိသည့် ပထမဆုံးသော ခရီးစဉ်ဖြစ်သည်။ ဩဂုတ် ၃၀ ရက် အစောပိုင်းတွင် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် အလွတ်သဘောတွေ့ဆုံခဲ့ပြီး လက်ဖက်ရည်အတူတကွ သုံးဆောင်ခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဗြိတိန်နိုင်ငံသို့ လွန်ခဲ့သော ဧပြီလကရောက်ရှိခဲ့စဉ်အတွင်း ဝန်ကြီးချုပ် အာဘေးအား ဝန်ကြီးချုပ် ထရေဇာမေက ၎င်း၏ဧည့်ဂေဟာသို့ အလည်အပတ်လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

လုံခြုံရေးကောင်စီအစည်းအဝေးပွဲ၌ ဝန်ကြီးချုပ်နှစ်ဦးအနေဖြင့် ကာကွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# အာရှနိုင်ငံကြီးနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းရှိနေဟု တရုတ်နိုင်ငံပြောကြား

**ပေကျင်း ဩဂုတ် ၃၀**

အာရှတိုက်ရှိ နိုင်ငံကြီးနှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကြီးမားသော အလားအလာကောင်းရှိနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဩဂုတ် ၃၀ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၌ လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် BRICS အုပ်စု ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီလာရောက်ရန် ရှိနေစဉ်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာစေရေးအတွက် ရှုမျှော်ကာ ဝန်ကြီးဝမ်ယီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်စပ်ဒေသ၌ နှစ်ဖက်တပ်ဖွဲ့များ နှစ်လကျော်မျှ စစ်ရေးအရ တင်းမာနေခဲ့မှုကို ဖြေလျှော့နိုင်ရေးအတွက် နှစ်ဖက်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် ယခုရက်သတ္တပတ်အတွင်း တရုတ်နှင့် အိန္ဒိယတို့ သဘောတူညီခဲ့ကြသည်။

BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ရန် ရှိနေချိန်တွင် စစ်ရေးအရ ထိပ်တိုက်တွေ့မှု အဆုံးသတ်ရေးအတွက် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြခြင်း ဖြစ်သည်။ BRICS အုပ်စုတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်ကြသည်။

မိမိတို့ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံအကြား အခါအားလျော်စွာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လေ့ရှိတတ်ကြောင်း၊ အရေးကြီးလှသည်မှာ နှစ်နိုင်ငံ အပြန်အလှန် လေးစားသော စိတ်ဓာတ်နှင့်အတူ မိမိတို့ ခေါင်းဆောင်များ၏ စိတ်တူကိုယ်တူဖြစ်မှုဖြင့် ဖြစ်ပေါ်လာသမျှ ပြဿနာရပ်များအားလုံးကို သင့်လျော်သည့်နေရာ၊ သင့်လျော်သည့် ကိုင်တွယ်ဆောင်ရွက်ပုံတို့အရ ဖြေရှင်းကြရန်ဖြစ်ကြောင်း ဝန်ကြီးဝမ်ယီက ထိပ်သီးဆွေးနွေးပွဲအကြို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အဆိုပါ ထိပ်သီးညီလာခံကို တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ရှားမင်းမြို့၌ ကျင်းပမည်ဖြစ်သည်။ **ရိုက်တာ။**

# ယူရေနီယံ သတ္တုဘဏ် အိုင်အေအီးအေ ဖွင့်လှစ်ပြီ

**အက်စတာနာ ဩဂုတ် ၃၀**

ကုလသမဂ္ဂ၏ ကမ္ဘာတစ်လွှားနျူကလီးယား လေ့လာစောင့်ကြည့်ရေး အဖွဲ့အစည်းဖြစ်သော နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီသည် ကာဇက်စတန်နိုင်ငံ၌ ယူရေနီယံ သတ္တုဘဏ်ကို ဩဂုတ် ၂၉ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်း အော်စကေမန်းမြို့၌ ဖွင့်လှစ်လိုက်သော ယူရေနီယံသတ္တုဘဏ်၌ ယူရေနီယံ လောင်စာတန်ချိန် ၉၀ အထိ သိုလှောင်ထားမည်ဖြစ်ကြောင်း၊ ယင်းပမာဏမှာ အရွယ်အစား ကြီးမားသော မြို့ကြီးတစ်မြို့ကို သုံးနှစ်တာကာလကြာမျှ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ရန် အဏုမြူစက်ရုံမှ အသုံးပြုရန် လိုအပ်မည့် ပမာဏဖြစ်ကြောင်း အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်အေအီးအေအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ယင်းတို့၏ အဏုမြူလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အခြားတစ်နေရာမှ ယူရေနီယံ ရရှိနိုင်ခြင်းမရှိပါက အဆိုပါဘဏ်၌ သိုလှောင်ထားသော ယူရေနီယံကို ရောင်းချပေးမည်ဆို၏။

အလောတော်သန့်စင်ပြီး ယူရေနီယံကို သိုလှောင်ထားရှိမည့် အဆိုပါဘဏ်ကို Low Enriched Uranium (LEU) Bank ဟု အမည်ပေးထားသည်။

အိုအေအီးအေအဖွဲ့ဝင် နိုင်ငံများ၌ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် အကြောင်းတစ်စုံတစ်ရာကြောင့် ယူရေနီယံဝယ်ယူ၍ မရနိုင်သည့် အခြေအနေမျိုးတွင် နျူကလီးယားလျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် လောင်စာထုတ်လုပ်နိုင်ရန်အတွက် LEU ယူရေနီယံကို ဝယ်ယူခွင့်ပေးမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အလားတူ ဘဏ်တစ်ခုကို ၂၀၁၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သည်။ သို့ရာတွင် ကာဇက်စတန်နိုင်ငံ၌ ယခုဖွင့်လှစ်သော ယူရေနီယမ် သတ္တုဘဏ်မှာမူ အိုင်အေအီးအေက အပြည့်အဝပိုင်ဆိုင်ပြီး တာဝန်ယူဆောင်ရွက်သည့် ယူရေနီယံသတ္တုဘဏ် ဖြစ်သည်။ **ရိုက်တာ။**



# Internet Access နှင့် e-Library ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ အိမ်ဥပစာနှင့်ခွင့်အရ တက္ကသိုလ်လေ့လျှော်အသင်းပိုင် ငှားရမ်းထားသည့် အဆောက်အအုံပိတ်သိမ်းရေးကိစ္စကို အစည်းအဝေးခေါ်ယူကာ ပူးပေါင်းညှိနှိုင်းသွားမည်ဖြစ်ပြီး ငှားရမ်းထားခြင်းမှ ရုပ်သိမ်းရန်အတွက် အိမ်ဥပစာနှင့်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ထားလျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့တွင် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ တက္ကသိုလ်လှေလှော်အသင်းပိုင်အဆောက်အအုံကို ငှားရမ်းထားခြင်းမှ ရုပ်သိမ်းရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်လှေလှော်အသင်းပိုင် အဆောက်အအုံကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်အထိ ငါးနှစ်စာချုပ်ကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ အတည်ပြုချက်ဖြင့် စာချုပ်ဆက်လက်ချုပ်ဆိုငှားရမ်းခဲ့သည်ကို တွေ့ရပါကြောင်း၊ တစ်လလျှင် ၃၅ သိန်းဖြင့် ၁၂ လစာအတွက် ငွေကျပ်သိန်း ၄၂၀ ကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် အစိုးရသစ်လက်ထက်တွင် ငှားရမ်းထားသည့် အဆောက်အအုံငှားစာချုပ်ကို ပြန်လည်စိစစ်သည့်အခါ နိုင်ငံတော် သို့မဟုတ် ပညာရေးဝန်ကြီးဌာနက အဆိုပါ အဆောက်အအုံကို အသုံးပြုရန်လိုအပ်လာလျှင် အဖိုးစားနားတစ်စုံတစ်ရာ တောင်းခံခြင်းမပြုဘဲ အငှားချထားသူက ရက် ၃၀ အတွင်း ပြန်လည်လွှဲပြောင်းပေးရမည်ဟု သဘောတူထည့်သွင်းချုပ်ဆိုထားသည်ကို တွေ့ရှိရသောကြောင့် တက္ကသိုလ်လှေလှော်အသင်းပိုင် အဆောက်အအုံနှင့်ပရိဝုဏ်ကို ကျောင်းသား ကျောင်းသူများ လှေလှော်အားကစားကို ကစားနိုင်ရန်နှင့် အားကစားမြှင့်တင်နိုင်ရန် အလို့ငှာ တက္ကသိုလ်လှေလှော်အသင်းပိုင် အဆောက်အအုံနှင့် ပရိဝုဏ်ကို ပြန်လည်လွှဲပြောင်းရယူနိုင်ရေးအတွက် ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာနှင့်ထုတ်ခြင်း အခွင့်အာဏာပိုင်အဖြစ် အပ်နှင်းခွင့်ရရှိရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်က ညှိနှိုင်းခဲ့ပါကြောင်း၊ ဇူလိုင် ၇ ရက် ရက်စွဲဖြင့် အမိန့်အာဏာရရှိခဲ့သောကြောင့် ဆိုင်အားပြန်လည်အပ်နှံရန် နို့တစ်စာပေးပို့ထားပါကြောင်း၊ ယခုဖြစ်စဉ်တွင် အိမ်ဥပစာနှင့်ခွင့်အရ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **မင်းတုန်းမြို့နယ် မြို့နယ်လျှပ်စစ်မှူးရုံးတွင် အမှန်တကယ်လိုအပ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်လျှပ်စစ်မှူးရုံးသည် သွပ်မိုး၊ သွပ်ကာအဆောက်အအုံဟောင်းတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပါ၍(၃၆×၂၄)ပေ ၁ ထပ် သံကူကွန်ကရစ်အဆောက်အအုံသစ် တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလလျာထားချက်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပေးရန် ပိုမိုဦးစားပေးရသောကြောင့် အဆောက်အအုံတည်ဆောက်ရန် အပြီးသတ်ခွင့်ပြုရန်ပုံငွေတွင် ပါဝင်နိုင်ခဲ့ခြင်းမရှိပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

မြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း ဝန်ထမ်းများနေထိုင်ရန် လုံးချင်း(အုတ်ညှပ်၊ သွပ်မိုး)တစ်လုံး၊ လုံးချင်း (ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး)တစ်လုံးနှင့် (၂)ခန်းတွဲနေအိမ် (ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး)တစ်လုံး စုစုပေါင်းသုံးလုံးရှိပြီး ယခုအခါ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံများသည် ယိုယွင်းနေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှပ်စစ်မှူးရုံးအတွက်(၃၆×၂၄)ပေ ၁ ထပ် သံကူကွန်ကရစ်အဆောက်အအုံအသစ်တစ်လုံး၊ ဝန်ထမ်းများ နေထိုင်ရန် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁ ထပ်၊ သံကူကွန်ကရစ်) တစ်လုံးနှင့် ရုံးအတွက်လိုအပ်မည့် ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သော ရန်ပုံငွေများအား ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ဗန်းမော်မြို့နယ် နည်းပညာတက္ကသိုလ်ရှိ အစိုးရပိုင်ကျောင်းအဆောက်များ ရေမီးအစုံရရှိပြီး ကျောင်းသား ကျောင်းသူများ ကျောင်းပြင်ပ ပညာရေးလေ့လာနိုင်ရန်အတွက် Wi-Fi တပ်ဆင်ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့အိပ်ဆောင် (၂၀၀×၃၅)ပေ RC နှစ်ထပ်(ရေ၊ မီး အပါအဝင်)တစ်လုံး၊ ထမင်းစားဆောင် (၆၀×၄၀)ပေ တစ်ထပ်နှစ်လုံး၊ အဆောင်အဝင်လမ်း (ပြင်ပ ရေ၊ မီးအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၇၂ သန်း ခွဲဝေပေးထားပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

နည်းပညာတက္ကသိုလ်(ဗန်းမော်)၏ ပင်မဆောင်ကြီးမှာ ယခုအခါတွင် အင်တာနက်အသုံးပြုနိုင်ရန်အတွက် IP Star စနစ်အသုံးပြု၍ Wi-Fi သုံးစွဲရာတွင် သတ်မှတ် Bandwidth နည်းသဖြင့် Connection မကောင်းဖြစ်ကာ Connection ကောင်းမွန်စေရန် Internet Access တပ်ဆင်နိုင်ရေးအတွက် ဗန်းမော်မြို့တွင်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးရုံးနှင့် ဆက်သွယ်ညှိနှိုင်းပြီး ပိုမိုကောင်းမွန်သည့် Fiber Optic Line ရရှိနိုင်ရေးအတွက် စိစစ်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များကို တွက်ချက်ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားချက်များ ဆောင်ရွက်သည့်အချိန်တွင် ထည့်သွင်းလျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ကြားကာလများတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာများ Internet Access ရရှိရေး၊ e-Library အသုံးပြုနိုင်ရေးအတွက်ကိုလည်း အလှူရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Wi-Fi အသုံးပြုရာတွင် Connection ပိုမိုကောင်းရန်အတွက် Internet Wi-Fi သုံးစွဲနိုင်မှုကို ပင်မကျောင်းဆောင်ကြီးအတွင်း သုံးစွဲရရှိနိုင်ရန် Fiber Optic Line တပ်ဆင်ရရှိရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ Internet Access ရရှိရေးနှင့် e-Library ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့အတူ ခနဲဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ) ဦးဒီလုံး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိတို့က ခနဲဖြူမြို့နယ် ရှေးဟောင်းသံတန်ဆောင်းနှင့်ပိဋကတ်သုံးပုံကျောက်စာတိုက်ကို ပြုပြင်မွမ်းမံပေးရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် NEP နှင့် KFW စီမံကိန်းတွင် ထည့်သွင်းပေးရန်၊ ဖောင်းပြင်မြို့နယ်အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရန်၊ ဆရာ ဆရာမများ လိုအပ်ချက်အရ ပညာရေးတက္ကသိုလ်ဆင်းနှင့် ပညာရေးကောလိပ်ဆင်းများကို ခန့်ထားပေးရန်နှင့် မိုးညှင်းမြို့ ဒီဂရီကောလိပ်မြေနေရာ ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် ကိစ္စတို့နှင့် စပ်လျဉ်းသည့်မေးခွန်းများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ဖြေကြားကြသည်။

**အေးအေးသန့်၊ မွှေးကြူဇင်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့်အပြင် လတ်တလော နေရပ်စွန့်ခွာနေကြရသူများ၏ လုံခြုံရေးနှင့် ရေရှည်ရပ်တည်နေထိုင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၅၂)ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများကို ရာဇသတ်ကြီးဥပဒေနှင့် အထူးဥပဒေများတွင် ပြဋ္ဌာန်းထားသည့်ပြစ်မှုများဖြင့် အမှုဖွင့်အရေးယူစုံစမ်းစစ်ဆေးပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သက်ဆိုင်ရာဥပဒေရုံးများသို့ ဥပဒေအကြံပြုချက်တောင်းခံခြင်း၊ ဥပဒေရုံးများ၏ အကြံပြုချက်နှင့်အညီ သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်စဉ်စတင်ဖြစ်ပွားသည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်အထိ စုစုပေါင်း ၄၆၆ မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးပြီး ၁၁၆ မှု၊ တရားရုံးစစ်ဆေးဆဲ ၁၄၇ မှု၊ ရဲစစ်ဆေးဆဲ ၁၈၀ မှုနှင့် ပိတ်သိမ်းမှု ၂၃ မှုတို့ ဖြစ်ပါကြောင်း။

မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်လာသည့်အတွက် အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော Arakan Rohingya Salvation Army (ARSA) တို့ကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုဖြစ်သည်ဟု အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများ တိုးမြှင့်ချထားပြီး ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ရပ်တည်နိုင်ရေးအတွက်လည်း ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ ဒေသအတွင်း လက်ရှိအခြေအနေများအရ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သောလမ်း၊ တံတားများနှင့် မေယုတောင်ကြော အရှေ့အနောက် ဆက်သွယ်သည့် တောင်ကျော်လမ်းများ၊ လမ်းကွန်ရက်များကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော်လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အစွန်းရောက် အကြမ်းဖက်သမားများနှင့် အားပေးကူညီသူများကို အကြမ်းဖက်ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် ဒေသများတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄(ညမထွက်ရအမိန့်) ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများကို အကာအကွယ်ပေးနိုင်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးအင်အားများ တိုးမြှင့်ချထားဆောင်ရွက်ပေးလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုအား အတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ဆွေးနွေးရာတွင် ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း ဖြတ်သန်းမှုနှင့် လက်ရှိရင်ဆိုင်နေရသော အခြေအနေမှန်ကို ခြေခြေမြစ်မြစ် နားလည်ခြင်းမရှိဘဲ လူ့အခွင့်အရေးခေါင်းစဉ်တပ်၍ နိုင်ငံတကာအဖွဲ့အစည်းအချို့၊ သတင်းမီဒီယာအချို့၏ ကျင့်ဝတ်နှင့်မညီသော တစ်ဖက်သတ်အစီရင်ခံစာများ သတင်းရေးသားချက်များသည် ပြဿနာကို ပိုမိုဆိုးရွားစေခဲ့ပါကြောင်း။ **စာမျက်နှာ ၆ သို့** ❖

# သီးနှံများ ဈေးကောင်းရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် ဖန်တီးဆောင်ရွက်သင့်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာ(၁၀/၂၀၁၇)**အပေါ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ဆွေးနွေးကြသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုကန့်သတ်လိုက်ခြင်းသည် ကုန်သွယ်မှုလိုငွေကို မြင့်တက်စေပြီး ငွေတန်ဖိုးကိုပါ ထိခိုက်ကျဆင်းလာနိုင်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုလည်း တိုးမြင့်လာနိုင်ပြီး တိုင်းပြည်၏ စီးပွားရေးကို ထိခိုက်နိုင်ပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်စပါးအပါအဝင် ကောက်ပဲသီးနှံမျိုးစုံကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ယခုကဲ့သို့ မလိုလားအပ်သည့်ပြဿနာများပေါ်ပေါက်လာပါက တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်ပကုန်သွယ်ရေးကဏ္ဍ မထိခိုက်စေရေးအတွက် နည်းလမ်းကောင်းများ ရှာကြံသင့်ပါကြောင်း၊ ပြည်ပသို့မတင်ပို့မီ နိုင်ငံတော်မှ နိုင်ငံတကာဈေးနှုန်းနှင့်ချိန်ထိုးပြီး သင့်တင့်သည့် ဈေးနှုန်းတစ်ခုသတ်မှတ် ဝယ်ယူပေးသင့်ပါကြောင်း။

ဝယ်ယူရာတွင်လည်း သိုလှောင်ရုံ အခက်အခဲများရှိပါက ပြည်တွင်းကုန်သည်ကြီးများနှင့်ညှိနှိုင်းပြီး ဖြေရှင်းသင့်ပါကြောင်း၊ ထို့ပြင် မိမိနိုင်ငံမှထွက်ရှိသည့် သီးနှံများ ဈေးကောင်းရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောများရရှိအောင် စက်ရုံများနှင့် နည်းပညာများ ဖန်တီးဆောင်ရွက်သင့်ပါကြောင်း။

သို့မှသာ ဈေးကွက်ချဲ့ထွင်မှုများ ပိုမိုရရှိလာပြီး ပြည်တွင်းမှ ကောက်ပဲသီးနှံများ ပြည်ပတင်ပို့ရောင်းချရေးအတွက် အခြားနိုင်ငံများမှ ဖိအားပေးခြင်းကိုလည်း အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုကဏ္ဍ တိုးတက်ရေးအဟန့်အတားကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ**က အစီရင်ခံစာတွင် စီးပွားရေးတိုးတက်မှုအခြေအနေဖော်ပြချက်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ သုည ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ ၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားပါကြောင်း။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ယခင်နှစ် အလားတူကာလများနှင့် နှိုင်းယှဉ်လိုက်ပါက နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာပါက ကုန်ဈေးနှုန်းမြင့်မားမှုကို ဖြစ်ပေါ်နိုင်သည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း။

ပို့ကုန်များပိုမိုတင်ပို့နိုင်ရန်အတွက် ဈေးကွက်ခိုင်မာရန်နှင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်သင့်ပါကြောင်း၊ မကြာသေးမီကဖြစ်ပေါ်ခဲ့သည့် အိမ်နီးချင်းနိုင်ငံများမှ မြန်မာကုန်သည်များအား ဘဏ်စာရင်းများ ပိတ်ပင်ခြင်း၊ ပဲတင်ပို့မှုပိတ်ပင်ခံရခြင်းမျိုးမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု အစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၇)**ကို လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်နှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့က ဆွေးနွေးကြသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က ၂၀၁၅-၂၀၁၆ ခုနှစ် အသုံးစာရင်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၆-၂၀၁၇ ခုနှစ် ရငွေသည် ယခင်နှစ်ရငွေထက် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာသော်လည်း သုံးငွေမှာ ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးလာပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်လိုငွေပြမှုမှာ ယခင်နှစ်၏ ၃၅ ရာခိုင်နှုန်းလောက်တိုးလာပါကြောင်း။

သုံးငွေပိုင်းတွင် စာရင်းချုပ်အရ လျာထားချက်ထက် ကျော်လွန်သုံးစွဲခဲ့သည်ကို တွေ့ရပါကြောင်း၊ သာမန်အသုံးစာရင်းများကို လေ့လာကြည့်သည့်အခါ သုံးငွေအပိုင်းတွင် ခွင့်ပြုသည်ထက် ကျော်လွန်သုံးစွဲခြင်းမရှိခဲ့သော်လည်း ရငွေအပိုင်းတွင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအချို့မှာ လျာထားချက်ပြည့်မီခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲကြရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်**က မိမိတို့နိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထောက်ပြရန်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ကန်ထရိုက်တာများ၏ တာဝန်ယူ၊ တာဝန်ခံမှုအပိုင်းမှာ ရောထွေးနေပြီး အားနည်းချက်များရှိပါကြောင်း၊ အရေးယူမှုအပိုင်းမှာလည်း တိကျပြတ်သားမှုများ လိုအပ်နေပါကြောင်း။

အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ၏ အရေးအကြီးဆုံးမှာ တင်ဒါခေါ်ယူခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဖြစ်ပါကြောင်း၊ တင်ဒါခေါ်ယူရေးနှင့်ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ယခုအခါဆောက်လုပ်ရေးဝန်ကြီးဌာနက ကျန်းမာရေးအဆောက်အအုံတန်ဖိုးငွေကျပ် ၅၇ ဘီလီယံကျော်နှင့် ပညာရေးအဆောက်အအုံတန်ဖိုးငွေကျပ် ၅၂ ဘီလီယံကျော်ကို ဆောင်ရွက်မည်ဟု သိရသည့်အတွက် ဈေးနှုန်းမှန် ရ၊ မရနှင့် ကတိကဝတ်ကို ဖောက်ဖျက်ရာရောက်၊ မရောက် ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

အစီရင်ခံစာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုရယူခြင်းကို အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

---

◆ **စာမျက်နှာ ၅ မှ**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က အသိအမှတ်ပြုထားပြီးဖြစ်သည့်အတိုင်း ရခိုင်ပြည်နယ်၏ အခြေအနေသည် လွန်စွာမှပင် ရှုပ်ထွေးနက်နဲလှပြီး အချိန်တိုအတွင်း ဖြေရှင်းယူ၍ မရနိုင်ပါကြောင်း၊ ကာလရှည်ကြာဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခဲ့ပြီး အဆင်းရဲဆုံးသော ပြည်နယ်တစ်ခုဖြစ်နေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုမြင့်မားလျက်ရှိပြီး ဘေးအန္တရာယ်များနှင့် ပြည်တွင်းရောက်ရှိသည့် အကြမ်းဖက်အဖွဲ့များအား မိမိတို့အားလုံး စုပေါင်းညီညာစွာ ဖြေရှင်းနိုင်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှဦးကျော်ကျော်တို့က ဆက်လက်ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ(၁၈၇)မဲ၊ ကန့်ကွက်မဲ(၁)မဲ၊ ကြားနေမဲ ၃ မဲဖြင့် ထောက်ခံမဲများသည့်အတွက် ဦးခင်မောင်လတ်၏အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရသေ့တောင်မြို့နယ် မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပါဒလိပ်(စစ်တွေ)-ရသေ့တောင်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပြီး ပါဒလိပ်မှ ရသေ့တောင်မြို့အထိ (၁၅)မိုင် (၇)ဖာလုံ ရှည်လျားပါကြောင်း၊ အဆိုပါ လမ်းပေါ်တွင် ပေ(၇၀၀)ခန့်ရှိသည့် လေပြားချောင်းနှင့် ပေ(၈၀၀) ခန့်ရှိသည့် ရသေ့တောင်ချောင်းတို့လည်း တည်ရှိနေသေးသည့်အတွက် လမ်းမိုင်တိုသော်လည်း စစ်တွေမြို့မှ ရသေ့တောင်မြို့သို့ ကားဖြင့် တစ်ဆက်တစ်စပ်တည်း မသွားလာနိုင်ဘဲ ၎င်းလမ်းကို မူစဲကျွန်းပေါ်ရှိ ဒေသခံပြည်သူများသာ အများဆုံး အသုံးပြုသွားလာလျက်ရှိကြပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိက စစ်တွေ- ရသေ့တောင်-ဘူးသီးတောင်-မောင်တော မဟာဗျူဟာလမ်းမကြီးနှင့် မေယုတောင်ကျော်လမ်းများ ဖောက်လုပ်နိုင်ရေးကို ပထမ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါဒလိပ်(စစ်တွေ)-ရသေ့တောင်-မောင်တောလမ်း၏ မူစဲကျွန်းပေါ်ရှိ ဇီးကိုင်းဘက် ကူးတို့ဆိပ်ကမ်းမှ နှမ်းခင်းကျေးရွာထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်ကိုသာ ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်တို့၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၅၃)ရက်မြောက်နေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်၊ မီမီဖြိုး)**

---



# သူရဦးရွှေမန်း Uber ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Uber ကုမ္ပဏီမှ မူဝါဒရေးရာနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ ဦးဆောင်အရာရှိဖြစ်သူ Mr. Ben Brooks နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Ben Brooks က Uber ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် RideShare စနစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး e-government ဆိုင်ရာကိစ္စရပ်များ၊ အင်တာနက်အခြေပြု မြို့တွင်းပြေးအငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေကိစ္စရပ်များနှင့် Uber ၏ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မသန်စွမ်းသူတွေအကြောင်း ရေးကြ၊ ပြောကြမယ်ဆိုရင်

**ကြည်ထွန်း(လူမှု)**

ကမ္ဘာ့လူဦးရေသန်းပေါင်း ခုနစ်ထောင်ကျော်အနက် သန်းပေါင်းတစ်ထောင်ခန့်ဟာ မသန်စွမ်းသူတွေပါ။ လူခုနစ်ဦးမှာ မသန်စွမ်းသူတစ်ဦးနှုန်းဖြစ်တဲ့အတွက် မသန်စွမ်းသူတွေကို အကြီးမားဆုံးလူနည်းစုအဖွဲ့ (The greatest minority group) လို့ ဆိုကြပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် "မသန်စွမ်းသူများ" လို့ ခေါ်ဝေါ်သတ်မှတ်ခံရသူတွေဟာ ကမ္ဘာတည်ကတည်းက လူ့အဖွဲ့အစည်းထဲမှာ ရှိလာခဲ့တာပါ။ ယနေ့လည်း ရှိနေသလို နောင်အနာဂတ်မှာလည်း လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် အမြဲတမ်းရှိဦးမှာမလွဲပါဘူး။ အထူးသဖြင့် မျက်မှောက်ခေတ်မှာ သဘာဝဘေးတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေ၊ ယာဉ်မတော်တဆမှုတွေ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတာပါ။ လူတိုင်းလူတိုင်းဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာ မသန်စွမ်းသူဘဝကို ရောက်ရှိသွားနိုင်ပါတယ်။ ဒီလိုနဲ့ မသန်စွမ်းသူ အရေအတွက်ဟာ လျော့မသွားဘဲ တဖြည်းဖြည်းတိုးပွားလာဖို့ပဲရှိပါတယ်။ ဒါကြောင့် ကိုယ်သာ မသန်စွမ်းသူတစ်ယောက်ဖြစ်သွားခဲ့ရင်ဆိုတဲ့ အတွေးနဲ့ မသန်စွမ်းသူတွေအပေါ် စာနာဆပွားအလေးထားကြဖို့ လိုပါတယ်။

မသန်စွမ်းသူများအပါအဝင် လူသားအားလုံးအတွက် 'နာမည်'ဟာ အလွန်အရေးကြီးပါတယ်။ 'လူသာ အသေခံမယ် နာမည်ကိုတော့ အသေမခံနိုင်ဘူးလို့' ပြောရလောက်အောင် လူတိုင်းလူတိုင်းဟာ ကိုယ့်နာမည်ကို အမြတ်တနိုးတန်ဖိုးထားလေ့ရှိကြပါတယ်။ အပျက်သဘောဆောင်တဲ့ အမည်နာမကို ဘယ်သူမှ မနှစ်သက်ကြတာအမှန်ပါ။ သို့ပေမယ့် ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့အတိုင်း မသန်စွမ်းသူတွေရဲ့ ချို့ယွင်းအားနည်းချက်ကို ဖော်ထုတ်ပြီး ရင့်ရင့်သီးသီး ခေါ်ဝေါ်သုံးစွဲမှုတွေကတော့ နေရာတိုင်း၊ ဌာနတိုင်းမှာ ရှိနေဆဲ၊ ရှိနေမြဲ ဖြစ်ပါတယ်။

ဒီလိုရင့်သီးတဲ့ ဝေါဟာရတွေ၊ အသုံးအနှုန်းတွေ လျော့ပါးပျောက်ကွယ်သွားဖို့အတွက် သတင်းမီဒီယာသမားများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါလှပါတယ်။ ဒီမိုကရေစီကို အလေးထားတဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ မီဒီယာလောကကို စတုတ္ထမဏ္ဍိုင်အဖြစ် ထားရှိကြပါတယ်။ မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေ အများပြည်သူဆီကို ပို့ဆောင်ရာမှာ မီဒီယာဟာမရှိမဖြစ်လိုအပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သတင်းများရေးသားဖော်ပြရာမှာ အဖြစ်မှန်နဲ့သွေဖည်တဲ့ ဘက်လိုက်မှုတွေကို ရှောင်ရှားရပါမယ်။ လိုက်နာစောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းပြီး ဓမ္မဓိဋ္ဌာန်ကျကျရေးသားဖော်ပြကြဖို့ တာဝန်ရှိပါတယ်။ အထူးသဖြင့် မသန်စွမ်းသူများအကြောင်းပုံဖော်ရေးသားရာမှာ ရှေးရိုးစွဲအမြင်တွေကိုဖယ်ရှားပြီး ခေတ်သစ်၊ စနစ်သစ်၊ အမြင်သစ်တွေနဲ့ ရေးကြ၊ ပြောကြဖို့ အချိန်တန်ပါပြီ။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပေါ်အခြေပြုပြီး United Nations Convention on the Rights of Persons with Disabilities-UNCRPD လို့ခေါ်တဲ့ ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်ကတည်းက ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီစာချုပ်ကို မြန်မာနိုင်ငံအစိုးရက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှာ အတည်ပြုလက်မှတ်ရေးထိုးထားပြီးပါပြီ။ ဒီစာချုပ်မှာ လူမှုရေးနဲ့ လူ့အခွင့်အရေးအခြေပြု နောက်ဆုံးပေါ် ချဉ်းကပ်ဆောင်ရွက်မှုပုံစံတွေကို ပိုမိုဖော်ပြပေးပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ စာချုပ်အပိုဒ်(၁)မှာ "မသန်စွမ်းသူ"ဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူအပြည့်အဝ ထိရောက်စွာပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း (သို့မဟုတ်) အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများကို ဆိုလိုသည်လို့ ဖော်ပြထားပါတယ်။

ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်အရ "မသန်စွမ်းမှု"ဆိုတာဟာ မတူကွဲပြားသော လူသားများရဲ့ ယဉ်ကျေးမှုဆိုင်ရာအမြင်များအပေါ် အခြေပြုပုံဖော်ထားတဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်ပါတယ်။ မသန်စွမ်းမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သွင်ပြင်လက္ခဏာတစ်ခုမဟုတ်ဘဲ ထိုသူတို့အတွက် အတားအဆီးများရှိနေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်သာဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒီသဘောတူညီချက်ရဲ့ ရည်ရွယ်ချက်ကတော့ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ညီညီမျှမျှ အပြည့်အဝရရှိရေးကို ကာကွယ်စောင့်ရှောက်ဖို့၊ တိုးမြှင့်လုပ်ဆောင်နိုင်ဖို့၊ သေချာစေဖို့နဲ့ မသန်စွမ်းသူတွေရဲ့ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရရှိစေဖို့ပဲဖြစ်ပါတယ်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးကို ရှေးရှုဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံမှာလည်း ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်တွေကို ပိုပြီးထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဥပဒေပုဒ်မ(၉)မှာ "မသန်စွမ်းမှုကို အကြောင်းပြု၍ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုတို့ မရှိစေရ"လို့ ပြဋ္ဌာန်းထားသလို ပုဒ်မ (၁၀)မှာ "မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသောအပြုအမူနှင့် လုပ်ဆောင်မှုများကို တားမြစ်သည်" လို့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မကြာခင်မှာ နည်းဥပဒေတစ်ရပ် ထွက်ပေါ်လာတော့မယ်လို့ သိရတဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ ဒါကြောင့် မသန်စွမ်းသူတွေအပေါ် မထီမဲ့မြင်၊ လက်လွတ်စပယ်ပြုမူ၊ ပြောဆို၊ ဆက်ဆံမှုတွေကို ရပ်တန်းက ရပ်သင့်ပါပြီ။ သာဓကအားဖြင့် ရုပ်/သံလိုင်းတစ်ခုက ထုတ်လွှင့်ခဲ့တဲ့ မြန်မာဇာတ်လမ်းတွဲတစ်ခုမှာ သရုပ်ဆောင်မင်းသမီးဟာ စကားမပြောနိုင်တဲ့ မသန်စွမ်းသူတစ်ဦးပါ။ ဒါကို ဇာတ်ပို့သရုပ်ဆောင်သူက ဇာတ်ဝင်ခန်းတော်တော်များများမှာ ဆွံ့အနားမကြား၊ အ အမ စသည်ဖြင့် သုံးနှုန်းပြောကြားခဲ့တာကိုတွေ့မြင်ရပါတယ်။ တကယ်တော့ ဒီဇာတ်လမ်းကို ရိုက်ကူးသူတွေဟာ သရုပ်ဆောင်တွေကို Sign Language လို့ခေါ်တဲ့ လက်သင်္ကေတပြဘာသာစကားနဲ့ ပြောနိုင်အောင် တကူးတက အပင်ပန်းခံသင်ယူစေပြီးမှ ရိုက်ကူးခဲ့တာပါ။ လက်သင်္ကေတပြဘာသာစကားရဲ့ အရေးပါပုံကို ပြည်သူအများသိအောင် အားထုတ်ရိုက်ကူးပြသသူတွေရဲ့ စေတနာကို အသိအမှတ်ပြုမိသလို ကျေးဇူးတင်ဝမ်းသာမိပါတယ်။ သို့ပေမယ့် ဇာတ်နာအောင်ပြောတဲ့ဆိုတဲ့ အသုံးအနှုန်းတွေက ဇာတ်လမ်းကို သေးသိမ်မှေးမှိန်သွားစေတာမို့ စိတ်မကောင်းဖြစ်မိပါတယ်။

တကယ်တော့ မသန်စွမ်းသူတွေဟာ လူ့ဘဝဇာတ်ခုံပေါ်က လူသားတွေပဲဖြစ်ပါတယ်။ နောင်မှာလည်း မသန်စွမ်းသူတွေရဲ့ သာယာဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ ကြည်နူးဖွယ်၊ ရင်နာဖွယ် ဇာတ်လမ်းတွေကို ပုံဖော်ရိုက်ကူးကြဦးမှာမလွဲပါဘူး။ အဲဒီအခါမှာ မသန်စွမ်းသူတွေအပေါ် ထားရှိအပ်တဲ့ ပြည်သူ့နီတိကို လေးစားလိုက်နာကြစေချင်ပါတယ်။ မသန်စွမ်းမှု အမျိုးအစားများစွာရှိသလို မသန်စွမ်းမှုကို အဓိပ္ပာယ်ဖွင့်တဲ့ပုံစံလည်း အမျိုးမျိုးရှိမှာ ဖြစ်ပါတယ်။ မသန်စွမ်းသူတွေကို ခေါ်ဝေါ်တဲ့ အသုံးအနှုန်းများဟာ ခေါ်ဝေါ်သူနဲ့ အခေါ်ခံရသူအကြား နှစ်ဦးနှစ်ဖက် လက်ခံနိုင်ဖွယ်ရှိသော အသုံးအနှုန်းတွေဖြစ်ဖို့လိုပါတယ်။ ဒါမှသာ မသန်စွမ်းသူတွေအပေါ်ထားရှိတဲ့ လူမှုရေး အတွေးအခေါ်သဘောထားတွေကို ထင်ဟပ်ဖော်ထုတ်ရာ ရောက်မှာဖြစ်ပါတယ်။

ဒါကြောင့် မသန်မစွမ်း၊ မစွမ်းမသန်၊ ဒုက္ခိတလို့ ခေါ်ဝေါ်သုံးစွဲကြမယ့်အစား မသန်စွမ်းသူလို့ သုံးနှုန်းရပါမယ်။ ကိုယ်အင်္ဂါမစုံသူ၊ ထော့ကျိုး၊ အကျိုး၊ ထောက်လှမ်းရေး၊ ခြေပြတ်လက်ပြတ်၊ ပေါင်တို၊ အိုနာကျိုးကန်းလို့ မခေါ်ဘဲ ကိုယ်အင်္ဂါမသန်စွမ်းသူလို့ သုံးနှုန်းရပါမယ်။ ဆွံ့အနားမကြား၊ ရွှေအ၊ အ အ၊ နားထိုင်း၊ နားကန်းအစား အကြားအာရုံမသန်စွမ်းသူ၊ နားမကြားပုဂ္ဂိုလ်လို့ သုံးနှုန်းရပါမယ်။ အကန်း၊ ဘလိုင်း၊ စွေစောင်းဆိုတဲ့ ဝေါဟာရတွေအစား အမြင်အာရုံမသန်စွမ်းသူ၊ မျက်မမြင်လို့ သုံးနှုန်းနိုင်ပါတယ်။ အရူးအနှမ်း၊ ရူးနှမ်းသူ၊ စိတ်ပေါ့သွပ်သူ၊ စိတ္တဇရောဂါသည်၊ စိတ်ဖောက်ပြန်သူလို့ ပြောမယ့်အစား စိတ်ဝေဒနာရှင်လို့ သုံးလို့ရပါတယ်။ ဗိုးချဲသမားလို့ ပြောမယ့်အစား ဗိုးချဲအသုံးပြုသူလို့ သုံးနှုန်းနိုင်ပါတယ်။

အင်္ဂလိပ်အခေါ်အဝေါ်တွေမှာလည်း အရင်တုန်းက သုံးနှုန်းခဲ့တဲ့ Handicap, Mongol, Mental Retared, Insane စတဲ့ ဝေါဟာရတွေကို မသုံးနှုန်းကြတော့ပါဘူး။ မျက်မှောက်ခေတ်မှာ People with disability (မသန်စွမ်းသူ)၊ Visual Impaired (အမြင်အာရုံမသန်စွမ်းသူ)၊ Hearing Impaired (အကြားအာရုံမသန်စွမ်းသူ)၊ Intellectual Impaired (ဉာဏ်ရည်မသန်စွမ်းသူ)၊ Physical Impaired (ကိုယ်အင်္ဂါမသန်စွမ်းသူ)စတဲ့ ပိုမိုယဉ်ကျေးသိမ်မွေ့တဲ့ အသုံးအနှုန်းတွေကို ပြောင်းလဲသုံးစွဲနေကြပြီဖြစ်ပါတယ်။

စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာရှင်များ၊ စာနယ်ဇင်းသမားများအပါအဝင် မီဒီယာလောကသားများအားလုံးဟာ ပြည်သူလူထုတစ်ရပ်လုံး အသိမှား၊ အယူမှား၊ အမှတ်မှား၊ အပြောမှားမဖြစ်ရလေအောင် ထိန်းကျောင်းတည့်မတ်ပေးဖို့တာဝန်ရှိပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ တရားလေးပါးထွန်းကားတဲ့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို ထိပါးစော်ကားစေတဲ့ အသုံးအနှုန်းတွေ၊ ဝေါဟာရတွေကို အတတ်နိုင်ဆုံး သတိပြုဆင်ခြင်ပြီး ရေးကြ၊ ပြောကြ၊ ရိုက်ကူးပြသခြင်းဖြင့် မျိုးဆက်သစ်လူငယ်တွေ အသိမှန်၊ အမှတ်မှန်၊ အပြောမှန်သူတွေ ဖြစ်အောင် လုပ်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**မသန်စွမ်းမှု အမျိုးအစားများစွာရှိသလို မသန်စွမ်းမှုကို အဓိပ္ပာယ်ဖွင့်တဲ့ပုံစံလည်း အမျိုးမျိုးရှိမှာ ဖြစ်ပါတယ်။ မသန်စွမ်းသူတွေကိုခေါ်ဝေါ်တဲ့ အသုံးအနှုန်းများဟာ ခေါ်ဝေါ်သူနဲ့ အခေါ်ခံရသူအကြား နှစ်ဦးနှစ်ဖက် လက်ခံနိုင်ဖွယ်ရှိသော အသုံးအနှုန်းတွေဖြစ်ဖို့လိုပါတယ်။ ဒါမှသာ မသန်စွမ်းသူတွေအပေါ်ထားရှိတဲ့ လူမှုရေး အတွေးအခေါ်သဘောထားတွေကို ထင်ဟပ်ဖော်ထုတ်ရာရောက်မှာ ဖြစ်ပါတယ်။**

# မသန်စွမ်းသူများသည် ဆင်းရဲနွမ်းပါးမှုနှင့် လူမှုအသိုင်းအဝိုင်း၏ ဖယ်ကြဉ်ခံရခြင်းသံသရာအတွင်းမှ ရုန်းထွက်မရဘဲရှိနေ

**ရန်ကုန် ဩဂုတ် ၃၀**

အသစ်ထုတ်ပြန်လိုက်သည့် သန်းခေါင်စာရင်းအစီရင်ခံစာ အသစ်တစ်ရပ်အရ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် မသန်စွမ်းဖြစ်ခြင်းတို့သည် အဆိုးကျော့သံသရာဖြင့် ဆက်စပ်ပတ်သက်နေကြပြီး အခြားတစ်ဖက်တွင် ပိုမိုအားကောင်းလာတတ်ကြောင်းနှင့် မြန်မာ့လူဦးရေစုစုပေါင်း၏ အနွမ်းပါးဆုံး ၂၀ ရာခိုင်နှုန်းတွင်ရှိသော မသန်စွမ်းဦးရေသည် အချမ်းသာဆုံး ၂၀ ရာခိုင်နှုန်းတွင်ရှိနေသော မသန်စွမ်းဦးရေ၏ နှစ်ဆမျှရှိနေကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်သည့်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစီရင်ခံစာအရ မသန်စွမ်းသူအများအပြားသည် ပညာသင်ယူခွင့်၊ အလုပ်အကိုင်ရရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း စသည်တို့ကို လက်လှမ်းမီရရှိမှုမရှိကြောင်း တွေ့ရှိရသည်။ မသန်စွမ်းသူများသည် ဆင်းရဲနွမ်းပါးကြပြီး လူ့ဘောင်အသိုင်းအဝိုင်း၏ နိစ္စဓူဝကိစ္စဖြစ်စဉ်များတွင်လည်း အများနည်းတူ ပါဝင်ပတ်သက်ဆောင်ရွက်နိုင်ခြင်းမရှိအောင် ဖယ်ကြဉ်ထားခြင်းခံနေကြရသည်။ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ရမှသာ ၎င်းတို့၏ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံလူ့အခွင့်အရေး ရရှိခံစားရေးဆိုင်ရာ ကိစ္စရပ်များတွင် တိုးတက်မှုရလဒ်များ ဖြစ်ပေါ်လာမည် ဖြစ်သည်ဟု အစီရင်ခံစာက ထောက်ပြထားသည်။

မသန်စွမ်းကလေးငယ်များအနေဖြင့် မကြာခဏဆိုသလိုပင် အခြားကလေးငယ်များနည်းတူ ပညာသင်ကြားခွင့်များ ဆုံးရှုံးနေကြခြင်းသည် ငယ်စဉ်ကတည်းကပင် မသန်စွမ်းဖြစ်ရုံသာမက သာမန်လူတို့ရသည့် အခွင့်အရေးများကိုပါ ဆုံးရှုံးနေကြရသည်ကို သိသာထင်ရှားစေသည်။ မြန်မာနိုင်ငံတွင် အသက်(၁၃)နှစ်အရွယ်ရှိ သာမန်သန်စွမ်း(ဆိုးရွားစွာထိခိုက်ထားခြင်းမဟုတ်သော) ကလေးငယ်စုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းသည် ကျောင်းနေပညာသင်ကြားခွင့်ရသူများမဟုတ်ကြချိန်ဝယ် အသက်(၁၃)နှစ်အရွယ်ရှိ သာမန်ကလေးငယ်စုစုပေါင်း၏ လေးရာခိုင်နှုန်းသည်သာ ကျောင်းနေပညာသင်ကြားခွင့်မရကြသူများ ဖြစ်နေကြကြောင်း တွေ့ရှိရသည်။ အသက်(၁၅)နှစ်မှ (၁၉)နှစ်အကြားရှိသူများတွင်မူ မသန်စွမ်းသူများအကြား စာတတ်မြောက်မှုဦးရေသည် ၅၉ ဒသမ ၄ ရာခိုင်နှုန်းမျှရှိနေပြီး ထိုပမာဏသည် ထိုအသက်အရွယ် အပိုင်းအခြားတွင် အကျုံးဝင်သူ သာမန်လူငယ်များအကြား စာမတတ်မြောက်မှု ပမာဏ ၅ ဒသမ ၆ ရာခိုင်နှုန်းထက် ဆယ်ဆမျှပိုမိုများပြားနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် မသန်စွမ်းသူများသည် အခြားသူများနှင့် နှိုင်းယှဉ်ပါက ဘဝတစ်လျှောက်လုံးပင် ရသင့်ရထိုက်သည့် အခွင့်အရေးများမရဘဲ ဆုံးရှုံးနေကြသည်ကို တွေ့ကြရသည်။

"မသန်စွမ်းအမျိုးသမီးနဲ့ မိန်းကလေးငယ်တွေဟာ ခွဲခြားဆက်ဆံမှုတွေကို တခြားသူတွေထက်ပိုပြီး နှစ်ဆတိုးခံစားကြရပါတယ်။ မသန်စွမ်းအမျိုးသမီးတွေဟာ တခြားအမျိုးသမီးတွေထက် ပိုပြီးဖယ်ကြဉ်ခံရတာတွေ၊ ခွဲခြားဆက်ဆံခံရတာတွေ၊ အကြမ်းဖက်ဆက်ဆံခံရတာတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတာတွေ၊ လျစ်လျူရှုခံရတာတွေ၊ အမြတ်ထုတ်ဆက်ဆံခံရတာတွေ စတာတွေ မကြာခဏဆိုသလို ကြုံတွေ့ရတတ်ပါတယ်။ ဒါတွေကြောင့် မသန်စွမ်းအမျိုးသမီးတွေဟာ သူတို့ရဲ့အရည်အသွေးကို အပြည့်အဝဖော်ထုတ်အသုံးချခွင့်မရဘဲ၊ လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးရေးတွေမှာ ပါဝင်ဆောင်ရွက်ခွင့်မရဘဲ ရှိနေကြရတဲ့အပြင် တခြားသူတွေလို လူ့အခွင့်အရေးကိုလည်း အပြည့်အဝမခံစားရဘဲ ရှိနေကြရပါတယ်"ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး ကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက်များမှတစ်ဆင့် မြန်မာနိုင်ငံသားမသန်စွမ်းသူတို့၏ နေထိုင်မှုဘဝကို ပိုမိုသိမြင်လာကြရသည်။ အစီရင်ခံစာသည် မသန်စွမ်းသူများနှင့် ၎င်းတို့နှင့်သက်ရွယ်တူ အခြားသူများ၏ လူနေမှုဘဝအခြေအနေများကို ပထမဦးဆုံးအကြိမ် နှိုင်းယှဉ်ဖော်ပြသည့် လေ့လာသုံးသပ်ချက်လည်းဖြစ်ကြောင်း ဖော်ပြထားသည်။

"မသန်စွမ်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ များပြားလာတာဟာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ မသန်စွမ်းတွေ မြန်မာ့စီးပွားရေးမှာ ပိုမိုပါဝင်လာနိုင်ဖို့ဆိုရင် မသန်စွမ်းကလေးငယ်တွေနဲ့ မသန်စွမ်းလူငယ်တွေကို အခြားသူတွေနဲ့ရောနှောပြီး အဆင့်မြင့်ပညာတွေသင်ကြားခွင့်ရစေဖို့ အစိုးရအနေနဲ့ စီစဉ်ပေးဖို့လိုအပ်ပါတယ်။ အရေးကြီးတဲ့အချက်တစ်ချက်ကတော့ လမ်းမလျှောက်နိုင်တဲ့ မသန်စွမ်းတွေအတွက် ဘီးတပ်ကုလားထိုင်တွေ ပိုမိုသုံးစွဲနိုင်အောင်စီစဉ်ပေးရမှာ ဖြစ်ပါတယ်"ဟု မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

"မသန်စွမ်းသူတွေ နေထိုင်မှုအဆင့်အတန်းတိုးတက်ဖို့အတွက် မူဝါဒတွေ ချမှတ်တာ၊ စီမံချက်တွေ ရေးဆွဲတာတွေမှာ အနာဂတ်အတွက် မသန်စွမ်းဦးရေတိုးပွားလာမယ်ဆိုတဲ့အချက်ကိုပါ ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုမသန်စွမ်းတွေဟာ လိုအပ်ချက်တွေပိုများသလို အထူးပြုစုစောင့်ရှောက်မှုလည်း လိုအပ်ပါတယ်"ဟုလည်း မစ္စဂျဲနက်ဂျက်ဆင်က ဆက်လက်ပြောကြားသည်။

**(နိုင်လင်းကြည်)**

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား တရားဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးရန် ပြောကြား



**နေပြည်တော် ဩဂုတ် ၃၀**

ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) သို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Khon Khan လေဆိပ်မှ ထွက်ခွာကြပြီး ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Win 6 သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် အစိုးရအိမ်တော်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် Gen. Prayut Chan-o-Cha နှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ယခုထက်ပိုမို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှု၊ တရားမဝင်လက်နက်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရခိုင်ဒေသတွင် ဖြစ်ပေါ်နေသော ဆုံးရှုံးမှုများအတွက် များစွာဝမ်းနည်းပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အကြမ်းဖက်သမားများက အုပ်ချုပ်ရေးအဖွဲ့များနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့တိုက်ခိုက်သတ်ဖြတ်ခဲ့မှုကြောင့် ယနေ့အထိ အဆိုပါဒေသတွင် တိုက်ခိုက်မှုဖြစ်စဉ် ၈၁ ခု ဖြစ်ပွားခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်များသည် မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိခိုက်လာသဖြင့် ထိရောက်စွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသော မိမိတို့နိုင်ငံသားများကို တရားဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးစေလိုကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ Gen.Prawit Wongsuwon အား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမတွင် တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရန် ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ် Gen. Prem Tinsulanonda(Rtd) အား ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးကြိုးပမ်းဆောင်ရွက်နေမှု၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်အကောင်အထည်ဖော်ဆောင်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Win 6 မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံ ဒိုင်းနက်၊ သက်၊ မြို တိုင်းရင်းသားများ နေရပ်စွန့်ခွာ

**နေပြည်တော် ဩဂုတ် ၃၀**

ARSA အစွန်းရောက် အကြမ်းဖက်သမားများက မိုင်းထောင်ပြီးနေအိမ်များအား မီးရှို့ဖျက်ဆီးမှုများဆက်လက်လုပ်ဆောင်နေမှုကြောင့် ဒေသခံ ဒိုင်းနက်၊ သက်၊ မြို တိုင်းရင်းသားများမှာ နီးစပ်ရာလုံခြုံရေးကင်းစခန်းများသို့ ပြောင်းရွှေ့လျက်ရှိရာ တာဝန်ရှိသူများက တွေ့ဆုံအားပေးပြီး ရိက္ခာနှင့် အသုံးအဆောင်များထောက်ပံ့ပေးလျက်ရှိသည်။

မောင်တောမြို့နယ် ပဒကားရွာသစ်၊ ခုံတိုင်(မြို)တိုင်းရင်းသားကျေးရွာအား ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမား ၄၀၀ ကျော်ခန့်က မီးရှို့ဖျက်ဆီးပြီး ဝိုင်းဝန်းတိုက်ခိုက်ရာ မြိုတိုင်းရင်းသားအမျိုးသား သုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦး သေဆုံး၊ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ငါးဦး ဒဏ်ရာရရှိကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦး ပျောက်ဆုံးလျက်ရှိပြီး ကျန်ကျေးရွာသားများမှာ မေယုတောင်ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြိုတိုင်းရင်းသားများနေထိုင်သော လောင်းဒုံရွာမှ အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၁၇၅ ဦးတို့သည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တည်းခိုနေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ ရပ်ကွက်(၃)ရှိ နေအိမ်များအား မီးရှို့ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပြီး မီးလောင်မှုကြောင့် နေအိမ် ၂၂ လုံး မီးလောင်ကျွမ်းခဲ့ကြောင်း။

မောင်တောမြို့ မြို့မကည်တန်းရပ်ကွက်ရှိ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ အနောက်ဘက် ခြံစည်းရိုးအပြင်ဘက်တွင် ယနေ့ ညနေ ၃ နာရီက မသင်္ကာဖွယ် သွားလာလှုပ်ရှားမှုကို တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အကြမ်းဖက်သမား တစ်ဦးက မီးကွင်းပစ်ရန် ဓာတ်ဆီဆွတ်ထားသည့် အဝတ်စထုပ်အား ဝါးတုတ်ဖြင့် တွဲချည်ထားသော လောင်စာတစ်ခုနှင့် ကြွပ်ကြွပ်အိတ်တစ်လုံးအတွင်းမှ ဓာတ်ဆီဆွတ်ထားသည့် အဝတ်စထုပ်အား ပစ်ချပြီးထွက်ပြေးသွားကြောင်း။



**ARSA အစွန်းရောက်အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် ကတုတ်ကျင်းအား တွေ့ရစဉ်။**

အဆိုပါ နေရာအနီးတစ်ဝိုက်ရှိ နေအိမ်တစ်လုံး၏ အောက်ထပ်တွင် အကျယ် ရှစ်ပေ၊ အနံလေးပေ၊ အနက် သုံးပေခန့်ရှိ ကတုတ်ကျင်း နှစ်ကျင်း၊ ရှော့တိုက်မိုင်းဆွဲရန်အတွက် မြေကြီးအောက်တွင် မြှုပ်နှံထားသော အရှည် ပေ ၂၀၀ ခန့်ရှိ ဝါယာကြိုးတစ်ချောင်း၊ ပစ်ခတ်ရန် ကြိုတင်စီမံထားသည့် လက်လုပ် ပုလင်းမိုင်း သုံးလုံးတို့ကို တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိကြောင်း။

ARSA အစွန်းရောက် အကြမ်းဖက်သမားများက နယ်မြေ (၈) အလယ်သံကျော်ကျေးရွာအုပ်စု အထက်ကမ်းပိုင်ကြီးကျေးရွာ (ဘင်္ဂါလီရွာ)နှင့် လောင်းဒုံစခန်းရှေ့ စေတီပြင်ရွာ(ဘင်္ဂါလီ) ရွာတို့အား မီးရှို့ထွက်ပြေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည့်ပုံစံကဲ့သို့ အထင်အမြင်မှားစေရန် လုပ်ဆောင်ခဲ့ကြောင်း။

ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ပြီး ယင်းနေရာအနီးရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးလျက်ရှိရာ ထိုသို့ နေအိမ်များ မီးလောင်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အနီးအနားရှိ ပြည်သူများက မီးငြိမ်းသတ်ရန် လာရောက်ချိန်တွင် မိုင်းများကွဲပြီး ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ဒေသခံဒိုင်းနက်၊ သက်၊ မြို တိုင်းရင်းသားများသည် နီးစပ်ရာ လုံခြုံရေးကင်းစခန်းများသို့ ပြောင်းရွှေ့လျက်ရှိရာ ယနေ့တွင် MI 17 ရဟတ်ယာဉ်များဖြင့် ကြိမ်ချောင်း၊ တောင်ပြို၊ ခမောင်းဆိပ်ကျေးရွာများသို့ ရိက္ခာများ ပို့ဆောင်ပေးခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် အခြားနေရာများသို့ ဆက်လက်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ကျောက်တော်မြို့နယ် ဒုက္ခံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ရောက်ရှိနေကြသည့် ဘူးသီးတောင်မြို့နယ်မှ ထွက်ပြေးတိမ်းရှောင်လာသော ဒိုင်းနက်လူမျိုး ၆၉ ဦးအား ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆန်အိတ် ၂၀၊ အဝတ်အထည် လေးထုပ်၊ ခြင်ထောင် ၂၂ လုံး ၊ ပုဆိုး၊ ထဘီ၊ ပန်းကန်နှင့် မီးဖိုချောင်သုံးပစ္စည်းများအား အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တပ်မတော်သားတစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း တစ်ဦး၊ စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ရပြီး ဟိန္ဒူလူမျိုး ခုနစ်ဦး၊ ဒိုင်းနက်လူမျိုး ငါးဦး သေဆုံးခဲ့ပြီး တပ်မတော်သားတစ်ဦးနှင့် လက်နက်ငယ် တစ်လက်ပျောက်ဆုံးလျက်ရှိကာ ရဲတပ်ဖွဲ့ဝင် ၁၂ ဦး၊ ကျန်းမာရေးဝန်ထမ်း တစ်ဦး၊ နေ့စားဝန်ထမ်း နှစ်ဦး၊ မြိုလူမျိုး တစ်ဦးနှင့် ဒိုင်းနက်လူမျိုး နှစ်ဦး စုစုပေါင်း ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဘီအေ-၉၄ သေနတ် ငါးလက် ၊ ၁၂ ဗို့ သေနတ် နှစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက်၊ ဘီအေ-၆၃ သေနတ် တစ်လက်၊ အမ်အေ-၁၁ တစ်လက်၊ စုစုပေါင်း လက်နက်ငယ် ၁၀ လက် ၊ ၇ ဒသမ ၆၂ ကျည်တောင့် ၁၄၀၀၊ ၅ ဒသမ ၅၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် တစ်ခု၊ အီနာဂါဗုံးသီး ခြောက်လုံး၊ ပလတ်စတစ်ဗုံးသီး ငါးလုံး၊ ဆက်သွယ်ရေးစက်တစ်လုံးနှင့် ကျည်အိမ် တစ်ခုတို့ ဆုံးရှုံးခဲ့ကြောင်း၊ အကြမ်းဖက်မှု ဖြစ်စဉ်များတွင် မော်တော်ယာဉ် နှစ်စီးမီးရှို့ခံရပြီး အကြမ်းဖက်သမားများ၏ လက်လုပ်ဗုံးများနှင့် မိုင်းများဖြင့် တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ် ငါးစီး ပျက်စီးခဲ့ကြောင်း။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လုပ်သေနတ် လေးလက်၊ တူမီးသေနတ် နှစ်လက်၊ပွိုင့် ၂၂ သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၇၇ တောင့်၊ လှံ ၆၄ချောင်း၊ ဓား ၂၇ ချောင်း၊ လက်လုပ်မိုင်း ခုနစ်လုံး၊ ဝါယာကြိုးခြောက်ထုပ်၊ ဝါယာကြိုး သုံးခွေ၊ စိတ်ကြွဆေးပြား ၃၁ ပြား၊ ဆေးဝါးမျိုးစုံ ခုနစ်အိတ်၊ ဆန်နှစ်အိတ်နှင့် လက်ကိုင်စကားပြောစက် တစ်လုံးတို့ သိမ်းဆည်းရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ည ၈ နာရီခွဲအချိန် ထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**



**ARSA အစွန်းရောက်အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် လက်လုပ်ပုလင်းမိုင်းအား တွေ့ရစဉ်။**

# မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးနှင့် တမန်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအား စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်



**စစ်တွေ ဩဂုတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးရွာနှင့် တမန်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသားများထံ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သောစားနပ်ရိက္ခာများကို ကူညီထောက်ပံ့ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းကြီးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ဒေသခံပြည်သူများ၏ လုံခြုံရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပြီး စားဝတ်နေရေးအတွက် ရိက္ခာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယခုလာရောက်ရသည့် ရည်ရွယ်ချက်မှာ ပြည်သူများဘေးကင်းလုံခြုံရန်နှင့် ပို၍ဘေးကင်းလုံခြုံသော နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ လတ်တလောစားဝတ်နေရေးအတွက် နှစ်လစာရိက္ခာများကို ကြိုတင်စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တမန်းသားကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံပြည်သူများအနေဖြင့် လုံခြုံရေး၊ ကျန်းမာရေး ကိစ္စများနှင့် ပတ်သက်၍ အရေးပေါ် ပေါ်ပေါက်လာပါက ဆက်သွယ်ရန် ဖုန်းနံပါတ်များကို စီစဉ်ပေးခြင်းနှင့် ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် တင်ပြလာသည့် အခက်အခဲများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် သွားရောက်ခဲ့သည့် မောင်တောမြို့နယ်အတွင်းရှိ မင်းကြီးကျေးရွာနှင့် တမန်းသားကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအတွက် ခေါက်ဆွဲခြောက်၊ ငါးနီတူခြောက်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆက်လက်၍လည်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့ ဦးဆောင်သောအဖွဲ့သည် တရိန်းကျေးရွာ၊ ရန်အောင်ပြင်ကျေးရွာ၊ ကျောက်ပန္နူကျေးရွာများသို့ သွားရောက်ကာ ပြည်သူများအား တွေ့ဆုံအားပေးပြီး စားနပ်ရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ကျောက်ပန္နူကျေးရွာမှ မီးဖွားပြီးခါစ သွေးအားနည်းလျက်ရှိသော မိခင်နှင့်ရင်သွေးငယ်၊ နေမကောင်းဖြစ်နေသော ခြောက်လသားကလေးငယ်နှင့် မိခင်တို့အား ရဟတ်ယာဉ်ဖြင့် စစ်တွေသို့ ခေါ်ဆောင်လာခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် စစ်တွေဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ အဆိုပါမိခင်နှင့်ကလေးငယ်တို့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနက ၎င်းတို့အတွက် လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးဝါးကုသပေးနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး တာဝန်ရှိသူများကို တွေ့ဆုံမှာကြားကာ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ စစ်တွေ ပြည်သူ့ဆေးရုံ၊ ပြည်နယ်ကုသရေးဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လူနာများ၏ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရေးသည် အရေးကြီးပါကြောင်း၊ စစ်တွေဆေးရုံ၏ လတ်တလော ဆရာဝန်အင်အားမှာ လူနာအရေအတွက်နှင့်စာလျှင် အလွန်နည်းနေသည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပလူနာဌာနတွင် လူနာများပြားနေခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အားနည်းနေသည်ဟု ယူဆ၍ရပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါက ဆေးရုံသို့ လာရောက်သောလူနာလျော့နည်းသွားမည်ဖြစ်ပြီး ဆေးရုံ၏ အလုပ်ပမာဏ (workload ) လျော့ကျသွားမည်ဖြစ်ပါကြောင်း။

ရောဂါရှာဖွေရေးလုပ်ငန်းအတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လက်ရှိဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ပေးရေးနှင့် အသိအမှတ်ပြု ဂုဏ်ပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တင်ပြမှုများအပေါ် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❋ ARSA မှ

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် အလယ်သံကျော် ဗိုလ်မှူးကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် အဒူလာ ခေါ် နူမာလာကိန်း၏ နေအိမ်အတွင်းမှ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တံဆိပ်ပါ ဘီစကစ်ဖာ ၄၀၊ ပြောက်ကျားစစ်ဖိနပ်လည်တို ၁၇ ရန်၊ ခြေအိတ်စုံ ၄၀၊ ဓားရှည် တစ်လက်၊ ARSA အစွန်းရောက်အကြမ်း ဖက်သမားဝတ်စုံအင်္ကျီ နှစ်ထည်နှင့် ဘောင်းဘီ သုံးထည်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့မွန်းလွဲပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစဉ်ကလည်း ကျီးကျွန်းကင်းစခန်း၏ တောင်ဘက်ရှိ တဲငယ်ခြောက်လုံးတွင် အကြမ်းဖက်သမားများ နေထိုင်ခဲ့သည့် အနေအထားများနှင့်အတူ WFP မှ ထောက်ပံ့ထားသည့် စွမ်းအားပြည့် ဘီစကစ်မုန့်၊ အထုပ်ခွံများနှင့် အချိုရည်ဘူးခွံများကို လည်းကောင်း၊ ကိုးတန်ကောက်ကျေးရွာအနီး တောင်ခြေတွင်တွေ့ရှိသော အကြမ်းဖက်သမားများ ဝှက်ထားသည့် ဆာလာအိတ်များအတွင်းမှ ကျည်ဆန်၊ လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ USAID တံဆိပ်ပါ ဆန်တစ်အိတ်နှင့် WFP တံဆိပ်ပါ ဆန်တစ်အိတ်တို့ကို လည်းကောင်း တွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယမန်နေ့ ညပိုင်းက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## သံလွင်မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

### ✪ မောင်တောဒေသမှ

“ကျွန်တော်တို့ ဒီနေ့မနက် မောင်တောမြို့နယ်က မောရဝတီ၊ အလယ်သံကျော်၊ ကျောက်ပန္နူ စတဲ့ကျေးရွာတွေအပါအဝင် ကျေးရွာတော်တော်များကနေ ထွက်လာခဲ့ကြတယ်။ ဒီကိုလာတာ ဝန်ထမ်းတွေလည်း များပါတယ်။ ရွာမှာလည်း အခြေအနေဆိုးပြီး နေလို့မရတော့လို့ အခုလိုထွက်လာရတာပါ။ ရွာမှာလည်း လူတွေ မကျန်သလောက်ဖြစ်ကုန်ပြီ။ အဲဒီမှာရှိနေတာက နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေပဲရှိတော့တယ်။ ဒီကိုလာတယ်ဆိုတာလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ်လာခဲ့ရတယ်။ ရေယာဉ်ခကငွေကျပ် ၉၀၀၀ ပေးရတယ်။ ဒီမနက် လိုက်လာတဲ့ ရေယာဉ်ပေါ်မှာ လိုက်လာသူတွေ ၂၀၀ ကျော်လောက် ရှိမယ်ထင်တယ်။ ထိုင်ခုံတွေမှာ ပြည့်ကျပ်နေတယ်”ဟု မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာမှ ဦးနိုင်ဝင်းက ပြောသည်။

စစ်တွေမြို့ ကြက်ခြေနီတပ်ဖွဲ့မှ ကိုကျော်နိုင်ဦးက “ကျွန်တော်တို့တပ်ဖွဲ့က အခုရောက်လာကြတဲ့သူတွေကို သင်္ဘောပေါ်ကနေ ကားပေါ်အထိ ကူညီစောင့်ရှောက်ပေးပြီး ခေါ်ဆောင်ပေးတယ်။ ရောက်လာတဲ့သူတွေထဲက နာမကျန်းသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေကို ကျွန်တော်တို့ကြက်ခြေနီတပ်ဖွဲ့ဝင် အင်အား ၃၀ လောက်နဲ့ လိုက်ပါ စောင့်ရှောက်ကူညီပေးနေတယ်။ ဒီနေ့မနက်ပိုင်းမှာ မလိခသင်္ဘောနှစ်စင်းနဲ့ လူဦးရေ ၄၅၀၊ မွန်းလွဲပိုင်းမှာ ရွှေနဒီသင်္ဘောနှစ်စင်းနဲ့ လူဦးရေ ၄၀၀ ကျော်ပါလာပြီး ညနေပိုင်းမှာလည်း သင်္ဘောတစ်စင်း ထပ်ရောက်လာဦးမယ်လို့ သိရတယ်”ဟု ပြောသည်။

အဆိုပါနေရပ်စွန့်ခွာလာကြသူများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း စစ်တွေဆိပ်ကမ်းတွင် စောင့်ဆိုင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည့်အပြင် မွေးကင်းစမှ ငါးနှစ်အောက်ရှိ ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

“ကျွန်မတို့အနေနဲ့ မောင်တောဒေသကနေ ဝင်ရောက်လာတဲ့ ကလေးတွေကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးတာတွေ ဒီသင်္ဘောဆိပ်မှာ လာရောက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးနေပါတယ်။ သင်္ဘောတွေဆက်ပြီး ဝင်ရောက်မယ်ဆိုရင်လည်း စောင့်ပြီးတော့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးနေပါတယ်” ဟု စစ်တွေမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်ခင်မြတ်ဝေက ပြောသည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်ကြသဖြင့် မောင်တောဒေသရှိ ကျေးရွာအသီးသီးမှ နေရပ်စွန့်ခွာလာကြသည့် ဒေသခံတိုင်းရင်းသားများသည် စစ်တွေမြို့သို့ ဩဂုတ် ၂၈ ရက်မှစတင်ပြီး ဝင်ရောက်လျက်ရှိရာ ၎င်းတို့အား စစ်တွေမြို့ရှိ ဓမ္မရာမဘုန်းတော်ကြီးကျောင်း၊ ကောဝိဒဘုန်းတော်ကြီးကျောင်းနှင့် အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းများတွင် ယာယီနေရာချထားပြီး ကျွေးမွေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်၊ မင်းထက်အောင်၊ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ နောက်ဆုံးနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်အစုအဖွဲ့ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ညီလာခံကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လွှတ်တော်အစုအဖွဲ့၊ အစိုးရအဖွဲ့နှင့် တပ်မတော်အစုအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါဝင်သည့် အခန်းတစ်ခန်းချင်းအလိုက် အကြောင်းအရာများကို အသေးစိတ်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**
ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့တွင် ရန်ကုန်လေဆိပ်ဧည့်ခန်းမဆောင်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်သော အကူအညီထောက်ပံ့မှုများတွင် ထိရောက်အကျိုးရှိစွာအသုံးပြုသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စေတနာရှင် လုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၄၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ၂၆၂ သိန်းတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသားကျောင်းသူဟောင်းများအသင်းက အလှူငွေကျပ် သိန်း ၁၀၀၊ ဝိသာခါဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၁၀၀၊ ဦးလှသက်မောင် - ပါမောက္ခ ဒေါက်တာဒွေးဒွေးတင်က ကျပ်သိန်း ၂၀ နှင့် ဒေါက်တာနွေ့နွေ့အောင်က ကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၃၀**
ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲတွင် မစ္စတာ ကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအား ကန့်ကွက်မှုနှင့်အတူ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆန့်ကျင်ရှုတ်ချမှုစာသားများ ရေးသားထားသည့် ဗီနိုင်းများကို ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် နိုင်ငံတော်အချုပ်အခြာအာဏာအား ကာကွယ်ရင်း အသက်ပေးလှူသွားခဲ့ရသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်းရင်းသားလူမျိုးစုများအတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဟောပြောခြင်းများပြုလုပ်ကြပြီး အချက် ခုနစ်ချက်ပါသည့် သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်း ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၃၀**
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

နေပြည်တော် ဒေသတစ်ဝိုက်အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်းကို နေပြည်တော်(တပ်ကုန်း) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ ဩဂုတ် ၃၁ ရက်တွင် လည်းကောင်း၊ Stage Rehearsal ပြုလုပ်ခြင်းကို စက်တင်ဘာ ၂ ရက်တွင် လည်းကောင်း၊ Level 1 Live ယှဉ်ပြိုင်ခြင်းများကို စက်တင်ဘာ ၃ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၌ လာရောက်ခိုလှုံနေသော ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့

**တောင်ပြိုလက်ဝဲ ဩဂုတ် ၃၀**
ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် လာရောက်ခိုလှုံနေသော ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် အရေးပေါ်လိုအပ်သည့် စားနပ်ရိက္ခာများကို ယနေ့ ဖြန့်ဝေထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အကြမ်းဖက်မှုတွေကြောင့် စားဝတ်နေရေး အခက်အခဲဖြစ်နေကြတဲ့ တိုင်းရင်းသားတွေအတွက် အမှန်တကယ် လိုအပ်နေတဲ့ ဆန်၊ ဆီ၊ ကုလားပဲနဲ့ ဆားအိတ်တွေကို အခုလိုသွားရောက်ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်"ဟု တောင်ပြိုလက်ဝဲမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၌ ယနေ့ အရေးပေါ်သွားရောက်လှူဒါန်းခဲ့သည့် ဆန်အိတ် ၃၀၊ ကုလားပဲ ၁၀ အိတ်၊ ဆီ ၁၀ ပိဿာဝင် ငါးပုံးနှင့် ဆားနှစ်အိတ်တို့ဖြစ်ပြီး ထပ်မံ၍ ဆန်၊ ဆီနှင့် အခြားစားစရာများ ဆက်လက်ထောက်ပံ့ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်မှ ဩဂုတ် ၂၈ ရက်တွင် မောင်တောရှိ ဝန်ထမ်းများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည့်အပြင် ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက ဘူးသီးတောင်မြို့ နေရပ်ရှောင်စခန်းရှိ တိုင်းရင်းသားများအား စားနပ်ရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ငါးသေတ္တာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(တင်မောင်လွင်၊ မင်းထက်အောင်)**





# ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောမြို့အတွင်း လှည့်လည်သတင်းယူ

**စစ်တွေ ဩဂုတ် ၃၀**
ပြည်တွင်းပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံးအနီး မသက်ာသူတစ်ဦးက မီးကွင်းပစ်ရန် ကြိုးစားမှုနှင့် ဆွဲမိုင်းထောင်ရန် ပြင်ဆင်ထားမှုကိုလည်းကောင်း၊ အကြမ်းဖက်အန္တရာယ်မှ တိမ်းရှောင်ရောက်ရှိလာသည့် တိုင်းရင်းသားပြည်သူများ နေထိုင်သော လေးမိုင်ရွာအခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း**(အပေါ်ပုံ)**၊ အကြမ်းဖက်အန္တရာယ်မှ တိမ်းရှောင်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များ နေထိုင်သော ရပ်ကွက်(၃) မူလတန်းကျောင်းကို လည်းကောင်း မောင်တောပြည်သူ့ဆေးရုံကို လည်းကောင်း လှည့်လည်သတင်းရယူခဲ့ကြသည်။ **(သတင်းစဉ်)**

# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃၀**
ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့်နေရာ အနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပိုင်ဆိုင်ကြောင်းပြနိုင်မှ ကုန်စည်ဒိုင်တွင် ပဲရောင်းဝယ်ခွင့်ရ

**ရန်ကုန် ဩဂုတ် ၃၀**



ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ပဲရောင်းဝယ်ခြင်းအတွက် ဩဂုတ် ၂၈ ရက်စွဲဖြင့် ကုန်စည်ဒိုင်ကြေညာချက် (၅/၂၀၁၇)ကို ထုတ်ပြန်အသိပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တွင် မှန်ကန်သောဈေးကွက်ဖော်ဆောင်နိုင်ရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်ရည်ရွယ်၍ ဩဂုတ် ၂၆ ရက်မှစတင်၍ ပဲမျိုးစုံလက်ငင်းအရောင်းအဝယ်ကို အောက်ပါစည်းကမ်းချက်များဖြင့် ပြန်လည်ခွင့်ပြုမည်ဟု ဖော်ပြထားသည်။

တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ အရောင်းအဝယ်ကို ဆောင်ရွက်မည်ဖြစ်ပြီး ငွေပေးချေခြင်းကို ညနေ ၃ နာရီထက်နောက်မကျဘဲ လက်ရောက်အပြီးသတ် ဆောင်ရွက်ရမည်။

စနေနေ့တွင် အရောင်းအဝယ်နှင့် ငွေပေးချေခြင်းကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အပြီးသတ်ဆောင်ရွက်ရမည်။ ဝယ်သူက ငွေပေးချေရာတွင် ငွေသား သို့မဟုတ် ချက်လက်မှတ်ဖြင့် ပေးချေနိုင်သည်။ ပေးချေသော ချက်လက်မှတ်သည် တနင်္လာနေ့ ဘဏ်များဖွင့်ချိန်တွင် ငွေသားထုတ်ယူနိုင်ရန် တာဝန်ခံရမည်။

ပဲအရောင်းအဝယ် ပြုလုပ်သည့်အခါ ရောင်းသူဝယ်သူနှစ်ဦးသည် မိမိတို့အမည်များဖြင့်သာ အရောင်းအဝယ်စာချုပ်တိုက်ရိုက်ချုပ်ဆိုရောင်းဝယ်ရမည်။ ရောင်းချသူသည် ရောင်းချသောပဲအား မိမိပိုင်ဆိုင်ကြောင်း ခိုင်မာသည့်အထောက်အထား စာရွက်စာတမ်းတင်ပြရမည်။

အထက်ပါ စည်းကမ်းချက်များအတိုင်းမလိုက်နာသော အသင်းသားမည်သူမဆို (တိုင်ကြားသူရှိသည်ဖြစ်စေ၊ ကြားသိရသည်ဖြစ်စေ) ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်ခွင့် သုံးလရပ်ဆိုင်းခံရမည်ဟု ကုန်စည်ဒိုင်အလုပ်အမှုဆောင်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဩဂုတ် ၂၆ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ်ခြောက်သိန်းနှုန်း ဈေးဖွင့်သော်လည်း အရောင်းအဝယ်မဖြစ်ဟု သိရသည်။ ဩဂုတ် ၂၈ ရက် ကုန်စည်ဒိုင် ဈေးနှုန်းစာရွက်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနီ ဈေးနှုန်းများဖော်ပြခြင်းမရှိသေးသည်ကို မြင်တွေ့ရသည်။ ဩဂုတ် ၂၉ ရက်တွင် မတ်ပဲ Raw တစ်ပိဿာ ၈၆၅-၉၂၀ ကျပ်၊ FAQ တစ်တန် (၂၀၁၇ နှစ်ထွက်) ကျပ် ၅၃၇၀၀၀ ဖြင့် ကုန်သေတ္တာအလုံးရေ ၃၅ လုံး၊ ၂၀၁၇ နှစ်ထွက် မတ်ပဲ SQ RC တစ်တန် ကျပ် ၇၆၀၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးရေ ငါးလုံး အရောင်းအဝယ်ဖြစ်သည်ဟု နေ့စဉ်ဈေးနှုန်းစာရင်းတွင် ဖော်ပြထားသည်။

ပြည်ပပို့ပဲ FOB ဈေးမှာ ဩဂုတ် ၂၂ ရက်တွင် ၂၀၁၇ နှစ်ထွက် မတ်ပဲ FAQ တစ်တန် ၆၀၀-၆၂၀ ဒေါ်လာရှိရာမှ ဩဂုတ် ၂၉ ရက်တွင် ၄၆၀-၄၉၀ ဒေါ်လာနှုန်းသာရှိသည်။

ဩဂုတ် ၂၉ ရက်တွင် ပဲစင်းငုံ ရန်ကုန်ဈေးမဖွင့်ဘဲ ပြည်ပပို့ FOB ပဲစင်းငုံနီ FAQ ၂၀၁၆ နှစ်ထွက် တစ်တန် ၄၆၀-၄၈၀ ဒေါ်လာ၊ ၂၀၁၇ နှစ်ထွက် ၃၇၀-၃၉၀ ဒေါ်လာ၊ ဩဂုတ် ၂၂ ရက်တွင် ၂၀၁၇ နှစ်ထွက် ၃၉၀-၄၁၀ ဒေါ်လာ၊ ၂၀၁၆ နှစ်ထွက် ၃၇၀-၃၉၀ ဒေါ်လာ အသီးသီးရှိခဲ့သည်ဟု နေ့စဉ် FOB ပဲဈေးနှုန်းများမှ သိရသည်။

ရန်ကုန်ပဲဈေးကွက်တွင် လက်ငင်းငွေအပြီးချေ ကိုယ်ပိုင်ပဲရောင်း စသည့်စည်းကမ်းများသတ်မှတ်လာ၍ ကြိုတင်ရောင်းဝယ်ခြင်းများ လျော့နည်းနိုင်သော်လည်း ရန်ကုန်ပဲလောကတွင် ကုန်စည်ဒိုင်အတွင်းသာမက ရန်ကုန်မြို့တွင်း ကုန်သည်အချင်းချင်း ဖုန်းဖြင့် ညပိုင်းအထိ ပဲအရောင်းအဝယ်ပြုလုပ်နေခြင်းများရှိသည်ဟု ပဲကုန်သည်ဦးအာချလာထံမှ သိရသည်။

ကုန်စည်ဒိုင်အတွင်း ယခင်ကကဲ့သို့ ပဲအရောင်းအဝယ်လုပ်ရာတွင် ပမာဏအများအပြားရှိခြင်း လျော့ကျလာနိုင်သည်။ ရန်ကုန်ဈေးကွက်တွင် ငွေကြေးအမြောက်အမြားဖြင့် နေ့စဉ်ဈေးနှုန်းပြောင်းလဲခြင်းများတတ်သော ရွှေ၊ ပဲ၊ စားအုန်းဆီဈေးကွက်များတွင် စတော့အိတ်ချိန်းအသွင် ဝင်ရောက်လုပ်ကိုင်မှုများပြားနေသည်။ အိမ်ခြံမြေဈေးကွက်သည် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းရ၍ အရင်းအနှီးရှိသူအများစုသည် နေ့စဉ်ဈေးနှုန်းပြောင်းလဲတတ်သော ရွှေ၊ ပဲ၊ စားအုန်းဆီဈေးကွက်များတွင် ဝင်ရောက်ဈေးကစားခြင်းရှိနေသည်ဟု သိရသည်။

**(မောင်စေအောင်)**

## ● ကျောဖုံးမှ

မြန်မာအားကစားအဖွဲ့သည် ယနေ့ကျင်းပသည့် ပြိုင်ပွဲနောက်ဆုံးရက်တွင် ဆုတံဆိပ်ရယူနိုင်ခြင်းမရှိတော့ဘဲ မြန်မာအမျိုးသားဟော်ကီအသင်းရယူပေးခဲ့သည့် ငွေတံဆိပ်ဆုမှာ နောက်ဆုံးရခဲ့သည့်ဆုတံဆိပ်ဖြစ်ခဲ့သည်။ မြန်မာအားကစားအဖွဲ့သည် ယခုပြိုင်ပွဲတွင် ရွှေခုနစ်ခု၊ ငွေ ၁၀ ခု၊ ကြေး ၂၀ ဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ်ဆုများကို ပိုက်ကျော်ခြင်း/ခြင်းလုံး၊ ဝူရှူးနှင့် သေနတ်ပစ်အားကစားနည်းတို့က ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရွှေဆုများကို ခြင်းလုံးအမျိုးသားအသင်းက နှစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲမှ တစ်ခု၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲမှ တစ်ခု၊ ဝူရှူးအားကစားနည်းမှ မြတ်သက်စုဝေဖြိုးက ချန်းချွမ်ပြိုင်ပွဲမှတစ်ခု၊ သိန်းသန်းဦးက နန်းကွန့်နှင့် နန်းတောင်းပြိုင်ပွဲနှစ်ခုပေါင်းမှတစ်ခု၊ သေနတ်ပစ်အားကစားနည်းမှ မေပိုးဝါက(၁၀)မီတာလေပစ္စတိုပြိုင်ပွဲမှ တစ်ခုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် ယခုပြိုင်ပွဲတွင် ရွှေဆုရယူနိုင်ရန် အားသာသည့် လှေလှော်အားကစားနည်း မပါဝင်ခြင်းနှင့်အတူ အားကစားနည်းအချို့ မျှော်မှန်းထားသလောက် အောင်မြင်မှုမရခဲ့သောကြောင့် ရွှေဆုရ နည်းသွားခဲ့ပြီး ၁၉၉၉ ခုနှစ်က ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေသုံးခုရပြီးနောက်ပိုင်း အနည်းဆုံးပြိုင်ပွဲဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၁၂ မျိုးကသာ ဆုတံဆိပ်ရယူနိုင်ခဲ့ပြီး အားကစားနည်းအများစု အောင်မြင်မှုနှင့် ဝေးကွာခဲ့သည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင်မလေးရှားနိုင်ငံက ရွှေတံဆိပ် ၁၄၅ ခုဖြင့် နိုင်ငံအလိုက်ပထမနေရာရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားသမား ၃၈၄ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများစွာ ကျဆင်းခဲ့သောကြောင့် မြန်မာ့အားကစားလောက တိုးတက်အောင်မြင်လာရန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

**(ရဲရင့်ရှိုင်း)**



# ရွှေ၊ ငွေ၊ ကြေး ဆုရ ပိုက်ကျော်ခြင်း၊ ဟော်ကီ၊ တိုက်ကွမ်ဒိုအသင်းများအား ကြိုဆို

**ရန်ကုန် ဩဂုတ် ၃၀**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲများပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်အသင်းအုပ်ချုပ်သူများနှင့် နည်းပြအဖွဲ့ဝင်များ၊ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုရ အောင်ပွဲရ မြန်မာ့လက်ရွေးစင် အားကစားမောင်/မယ်များပါဝင်သည့် ပိုက်ကျော်ခြင်းအသင်း၊ ဒုတိယငွေတံဆိပ်ဆုကိုရယူပေးနိုင်ခဲ့သော ဟော်ကီအသင်း၊ ကြေးတံဆိပ်လေးခုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော တိုက်ကွမ်ဒိုအသင်း၊ ရွက်လှေအသင်း၊ ခရစ်ကတ်အသင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့သည် ယနေ့နံနက်ပိုင်းနှင့် ညပိုင်းများတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အောင်ပွဲရအသင်းများအား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်အသီးသီးမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သင်တန်းကျောင်းမှ အားကစားမောင်/မယ်များ၊ မိဘဆွေမျိုးများက အိုးစည်ဒိုးပတ်များတီး၍လည်းကောင်း၊ ပန်းစည်းများ၊ ပန်းကုံးများကမ်း၍လည်းကောင်း လှိုက်လှိုက်လှဲလှဲစည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုကြသည်။

**(ကြေးမုံ)**

# မိုးသည်းထန်စွာရွာသွန်း၍ တံတားတစ်စင်းပျက်စီးကာ စပါးစိုက်ခင်းများ ရေနစ်မြုပ်

**ရေတာရှည် ဩဂုတ် ၃၀**

ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၈ ရက် ညနေပိုင်းမှစတင်ကာ မိုးများသည်းထန်စွာရွာသွန်းခဲ့၍ ယင်းနေ့ညပိုင်းတွင် တောင်ကျရေများကြောင့် ကြက်ဆင်ချောင်းရေများလျှံခဲ့ပြီး ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ဆပ်သွား-စစ်တောင်းလမ်းပေါ်၌ အရှည် လေးဖာလုံခန့်တွင် ရေသုံးပေခန့်ကျော်ခဲ့ပြီး အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတစ်စင်း ပျက်စီးခဲ့သည်။

ထို့အပြင် စပါးများ စိုက်ပျိုးပြီးစီးသွားသည့် ကက္ကူကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ ကျွဲဦးကကျေးရွာ၊ ချုံအင်းကျေးရွာ၊ ပိန်းအင်းကျေးရွာများနှင့် ဝဲဒေါင့်ကျေးရွာ အုပ်စုအတွင်းရှိ ကွင်းမှတ် ၇၂၄(က) (ခ) ၇၀၇၊ ၇၁၀ တို့တွင် စပါးစိုက်ခင်း ဧက ၁၅၀ ခန့် ရေဝင်နစ်မြုပ်ခဲ့သည်။



ရေဝင်နစ်မြုပ်လယ်မြေများနှင့် တံတားပျက်စီးသွားသည့် နေရာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွှန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

"ည ၉ နာရီလောက်ကတည်းက ရေကတအားကိုထိုးကျလာတာ။ အတော့်ကိုများတယ်။ တံတားပါ ကျိုးကျသွားတော့ သွားလာရေးတွေ အခက်အခဲဖြစ်ကုန်တယ်"ဟု ချုံအင်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။ မိုးဆက်လက်ရွာသွန်းပါက နစ်မြုပ်လယ်မြေများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်မည်ကို တောင်သူများအနေဖြင့် စိုးရိမ်မှုများရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ၂၀၁၇ ခုနှစ် စက်တင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာက မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် စက်တင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် စက်တင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် မြင့်တက်လာနိုင်သည်။

**(ကြေးမုံ)**

# မိုးစပါးစိုက်ခင်းများ မျိုးကွဲပယ်ခြင်းနှင့် ပေါင်းရှင်းခြင်း သရုပ်ပြ

**ဇန်းမောက် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနှင့် မျိုးကွဲပယ်ခြင်း၊ ပေါင်းရှင်းခြင်း ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၂၉ ရက်က မြို့မရပ်ကွက် တောင်သူဦးစိုးလွင်၏ မျိုးစေ့ထုတ်စံပြစိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်စိုးက စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုအခြေအနေများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရေး နည်းပညာပိုင်း ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မရပ်ကွက် တောင်သူ ဦးစိုးလွင်၏ မိုးစပါး ဆင်းဧကရီ-၃ မျိုးစေ့ထုတ်စံပြ ငါးဧကစိုက်ခင်းများအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများက မျိုးကွဲပယ်ခြင်း၊ ပေါင်းရှင်းခြင်းလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်း မျိုးသန့်ပွားများရေးအစီအမံဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။ **ကျော်စွာ(ဇန်းမောက်)**



## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၀**

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် ဩဂုတ် ၂၈ ရက်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၁၄)ရပ်ကွက် ပုဂံလမ်းနှင့် အထက(၆)ကျောင်းလမ်း ကားမှတ်တိုင်ထိပ် လူစည်ကားရာနေရာ၌ ဆောင်ရွက်ခဲ့သည်။

ရွှေပေါက်ကံနယ်မြေစခန်းမှူး ရဲအုပ်အောင်မြင့်ဦးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းဌေးတို့က မှုခင်းပညာပေးပြခန်းယာဉ်သို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းနှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတများရရှိစေရန်အတွက် ရှင်းလင်းပြောကြားပေးခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာနေရာသို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အထက (၆)ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရွှေပေါက်ကံမြို့သစ် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၅၀ ခန့် လာရောက်လေ့လာခဲ့ကြောင်းသိရသည်။ **(သီသီမင်း)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၄ စီး၊ သွင်းကုန် ၃၉၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၂၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးအား သတင်းအရ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့ဝင်များက ပူးပေါင်းရှာဖွေစစ်ဆေးရာ ပစ္စည်းများထည့်သည့် ဝမ်းဗိုက်တူးဘောက်စ်အတွင်းမှ ထိုင်ခုံအမှတ် (၂၆၊၂၇) လေဘယ်တပ်ဆင်ထားသည့် အစိမ်းရောင် ဆာလာအိတ်အား မသင်္ကာသဖြင့် ယင်းခုံနံပါတ်တွင်လိုက်ပါလာသူ ခရီးသည်နှစ်ဦးကိုစစ်ဆေးရာ အဆိုပါအိတ်အတွင်း လက်ဖက်ခြောက်များဖြင့် ရောနှောထည့်ထားသည့် "Love Is Flower"စာတန်းပါ ရောင်စုံပလတ်စတစ် ဆပ်ပြာခွက် ၄၅ ခွက်အတွင်း ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် ဖြူဝါရောင်ဘိန်းဖြူမှုန့် အလေးချိန် ၁၀ ဂရမ်ခန့်စီပါ ၄၅ ထုပ် စုစုပေါင်းအလေးချိန် ၄၅၀ ဂရမ်ခန့်



(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနား-မန္တလေး မီးရထားလမ်းတွင် အစုန်မြစ်ဆုံရထားဘီးချော်

**အင်းတော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြစ်ကြီးနား-မန္တလေး မီးရထားလမ်းတွင် ကောလင်းမြို့နယ် ချပ်ကြီးဘူတာနှင့် ပင့်သာဘူတာကြား၌ ယနေ့နံနက် ၂ နာရီက အမှတ် ၃၈ အစုန် မြစ်ဆုံရထားသည် မိုင်တိုင်အမှတ် (၅၀၈) ၁၄-၂၄ ကြားအရောက်တွဲအမှတ် BDTEZ-12272 MDY-END ဘိုဂီနှစ်ဘီးတွဲချော်ကျမှု ဖြစ်ပွားခဲ့သဖြင့် အမှတ်(၄၁)အဆန် ဒုတိယအမြန်ရထားနှင့် အမှတ်(၅၈)အစုန် မန္တလာရထားများ လမ်းပိတ်မိနေကြောင်း သိရသည်။

ရထားဘီးချော်ကျမှုကို သိလျှင်သိချင်း မြန်မာ့မီးရထား စက်မှုအင်ဂျင်နီယာဌာနမှ ကြီးကြပ်ရေးမှူးဦးခင်ဇော်၊ လက်ထောက်အင်ဂျင်နီယာ ကောလင်း၊ တွဲအုပ်ကြီးကောလင်းနှင့် သံလမ်းပြင်



လုပ်သားများသည် ဖြစ်ပွားရာနေရာသို့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး လမ်းပိုင်းအမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ဘော်ဒါဆောင်ပိုင်ရှင်မှ ကျောင်းသူအား ကာယိန္ဒြေပျက်အောင်ပြုလုပ်၍ ဘော်ဒါဆောင် ပိတ်သိမ်း

**မိတ္ထီလာ ဩဂုတ် ၃၀**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် ကျောက်ဖူးရပ်တွင် ဖွင့်လှစ်ထားသည့် ဆရာကျော် ဘော်ဒါဆောင်ပိုင်ရှင်မှ ကျောင်းသူအား ကာယိန္ဒြေပျက်အောင် ပြုလုပ်သဖြင့် ယင်းဘော်ဒါဆောင်အား ဩဂုတ် ၂၉ ရက်က ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ကံ့ကော်အိမ်ရာ နေပြည်တော်နေသူ၏ သမီးဖြစ်သူ---အား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် ကျောက်ဖူးရပ်ရှိ ဘော်ဒါဆောင်၌ ဒသမတန်းတက်ရောက်ရန် မေ ၅ ရက်တွင် အပ်နှံထားရာ ဩဂုတ် ၄ ရက်တွင် ဆရာ---မှ မဖွယ်မရာပြုလုပ်ခဲ့ကြောင်း သမီးဖြစ်သူမှ ဖုန်းဆက်ပြောပြ၍ သိရှိခဲ့ရသဖြင့် မြို့မရဲစခန်းသို့တိုင်တန်းခဲ့ရာ ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားပြီး ဘော်ဒါဆောင်မှာ ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ထားသည့်အတွက် ပိတ်သိမ်းလိုက်ကြောင်း၊ ယင်းကဲ့သို့ ပိတ်သိမ်းခြင်းအား သိရှိလိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက နည်းဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တိုက်ကြီးတိုးဂိတ်တွင် လေသေနတ်နှစ်လက် သိမ်းဆည်းရမိ

**တိုက်ကြီး ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ တိုးဂိတ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ်၊ တိုင်းအရန်တပ်ခွဲမှူး ရဲမှူးအောင်ကြွယ်နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက် ၁ နာရီခွဲက ယာဉ်ဝင်ပိတ်ဆို့ ရှာဖွေနေစဉ် ပြည်မှ ရန်ကုန်သို့ ယာဉ်မောင်း စိုးရာဇာ မောင်းနှင်ပြီး ဖိုးခွား(ခေါ်)ချစ်မင်းကျော်၊ ကိုမိုးလွင်တို့ လိုက်ပါလာသော အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခန်းတွင် သစ်သားဖြင့်ပြုလုပ်ထားပြီး ဘောစေ့ထည့်ပစ်ရသော လုပ်သေနတ်ကို တွေ့ရှိရသဖြင့် လူ့အသက်အန္တရာယ်ဖြစ်စေသော လေသေနတ်အား ခွင့်ပြုချက်မရှိဘဲ ကိုင်ဆောင်သူ ချစ်မင်းကျော်(၂၇)နှစ် ဝါးကောက်ကျေးရွာ မအူပင်မြို့၊ မိုးလွင်(၃၇)နှစ် ကမာချိုင့်ကျေးရွာ ကျိုက်လတ်မြို့၊ ယာဉ်မောင်း စိုးရာဇာ(၂၅)နှစ် ကျုံစုကျေးရွာ မအူပင်နေသူတို့အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



## မုံရွာအချုပ်ဖောက်၍ ထွက်ပြေးသူများအား စုံစမ်းရှာဖွေလျက်ရှိ

**မုံရွာ ဩဂုတ် ၃၀**

မုံရွာမြို့နယ်မြေရဲစခန်းအချုပ်တွင် ချုပ်နှောင်ထားသော ကလေးတရားခံနှစ်ဦးနှင့် ဆိုင်ကယ်ခိုးမှုမသင်္ကာ တရားခံတစ်ဦးတို့သည် ယနေ့နံနက်ပိုင်းက အချုပ်ခန်းဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားသောကြောင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

မုံရွာမြို့ နယ်မြေရဲစခန်း အချုပ်ခန်းအမှတ်(၂)တွင် သီးခြားချုပ်ထားသော တရားခံလေးဦးအနက် မုံရွာနယ်မြေရဲစခန်း(ပ)၅၇၉/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၉၂/၁၁၄ ဖြင့် ချုပ်ထားသောအသက်(၁၆)နှစ်ရှိ ဆန်းမင်းသူ၊ မုံရွာနယ်မြေရဲစခန်း(ပ)၆၅၉/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၆၆/၃၇၆/၃၆၃/၁၁၄ဖြင့် ချုပ်ထားသောအသက်(၁၆)နှစ်ရှိ မင်းထိုက်ဆွေ၊ မုံရွာနယ်မြေရဲစခန်း(ပ)၅၉၆/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ၃၇၉/ကျင့် ၅၄ ဖြင့် ချုပ်ထားသော မိုးဝင်းတို့ အချုပ်ဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားကြခြင်းဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသုံးဦးသည် အချုပ်ခန်း၏အရှေ့မြောက်ထောင့် ဒုတိယဆင့် ဒုတိယမြောက် သံတိုင်၏အောက်ခြေကို နှစ်ဖက်သွားပါ သံဖြတ်လွှဖြင့်တိုက်ဖြတ်၍ ၎င်းတို့ဝတ်ဆင်သော ပုဆိုးကိုကွင်းရှိုရစ်ပတ်ပြီး ဆွဲဆန့်လျက် အချုပ်ခန်းအတွင်းမှထွက်ပြီး အပြင်အုတ်တံတိုင်းနံရံရှိ လေသာပြတင်းပေါက်မှတစ်ဆင့် ထွက်ပြေးလွတ်မြောက်သွားကြခြင်းဖြစ်ကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သူ မုံရွာမြို့ ရန်ကင်းရပ်နေ ဆန်းမင်းသူ(ခ)အောင်ကိုသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်က အချုပ်ခံရခြင်းဖြစ်ရာ ချုပ်ရက် ၁၀ လရှိသူဖြစ်ပြီး ရန်ကုန်မြို့မှ မင်းထိုက်ဆွေသည် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အချုပ်ခံရခြင်းဖြစ်ရာ ချုပ်ရက် ၁၁ လနှင့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နယ်မြေ(၆)မှ မိုးဝင်းသည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၂ ရက်က အချုပ်ခံရခြင်းဖြစ်ရာ ချုပ်ရက် ရှစ်ရက်သာရှိသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မန်စီးတီးက ဆန်းချက်ဇ်အတွက် စတာလင်းကို အလိုက်ပေး ကမ်းလှမ်း




ဆန်းချက်ဇ်အတွက် မန်စီးတီးရဲ့ ပေါင်သန်း ၅၀ နဲ့ ကမ်းလှမ်းမှုကို အာဆင်နယ်ဘက်မှ ထပ်မံပယ်ချခဲ့ပြီးနောက် မန်စီးတီးအသင်းက စတာလင်းကို အလိုက်ပေးကမ်းလှမ်းဖို့ ပြင်ဆင်လာပြန်ပါတယ်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဆန်းချက်ဇ်ကို ဈေးကွက်မပိတ်သိမ်းမီ ခေါ်ယူဖို့ နောက်ဆုံးအစီအစဉ်အဖြစ် စတာလင်းကို အလိုက်ပေးကမ်းလှမ်းဖို့ ပြင်ဆင်ခဲ့တာပါ။ ဆန်းချက်ဇ်ကိုယ်တိုင်ကလည်း ဘာစီလိုနာတွင် လက်တွဲခဲ့ဖူးတဲ့ နည်းပြ ဂွါဒီယိုလာနဲ့ တစ်ကျော့ပြန်ပူးပေါင်းဖို့ ဆန္ဒရှိပေမယ့် အာဆင်နယ်အသင်းက ဆန်းချက်ဇ်အတွက် ကမ်းလှမ်းမှုတိုင်းကို ပယ်ချနေခဲ့တာကြောင့် ဈေးကွက်ပိတ်သိမ်းချိန်နီးကပ်လာတဲ့အထိ ဆန်းချက်ဇ် အသင်းပြောင်းလို့မရသေးတာ ဖြစ်ပါတယ်။

စတာလင်းဟာ နည်းပြ ဂွါဒီယိုလာရဲ့ စိတ်ကြိုက်ကစားသမားတစ်ဦးဖြစ်တယ်လို့ ယေဘုယျယူဆနိုင်ပေမယ့် နွေဈေးကွက်အတွင်း ဘာနာဒိုဆေးလ်ဗား ရောက်ရှိလာခြင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရဖို့ ရုန်းကန်ရမယ့်အနေအထားပါ။ ဒါကြောင့်လည်း ကာယကံရှင်ကိုယ်တိုင်က အာဆင်နယ်ကို ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ ဆန်းချက်ဇ်က အာဆင်နယ်အသင်းရဲ့ သက်တမ်းတိုးစာချုပ် အကြိမ်ကြိမ်ကမ်းလှမ်းမှုတွေကို ခေါင်းမာမာနဲ့ ငြင်းဆန်ထားဆဲဖြစ်သလို တစ်ဖက်ကလည်း မန်စီးတီးကိုပြောင်းရွှေ့ဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်တယ်လို့ သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ယခုလအစောပိုင်းမှာ ဆန်းချက်ဇ်ဟာ သူ့ရဲ့ဆုံးဖြတ်ချက်ကို လေးစားသလို အာဆင်နယ်မှာပဲ ဆက်ရှိနေမှာ သေချာတယ်လို့ ပရိသတ်တွေကို ကတိပေးခဲ့ပေမယ့် တကယ်တမ်းမှာ ဆန်းချက်ဇ်ကို ဆက်ထိန်းရန် ဘယ်လိုမှ မလွယ်ကူတဲ့အခြေအနေဆိုက်နေတာ ဖြစ်ပါတယ်။ အာဆင်နယ်က ဆန်းချက်ဇ်အပြောင်းအရွှေ့ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် စတာလင်းထက် အဂွဲရိုးကိုသာ ခေါ်ယူလိုပေမယ့် ဂွါဒီယိုလာက အဂွဲရိုးကို ထွက်ခွာခွင့်မပေးလိုပါဘူး။ The Sun သတင်းဌာနကဆိုရင် မန်စီးတီးနဲ့ ဆန်းချက်ဇ်တို့ ပုဂ္ဂိုလ်ရေးသဘောတူညီချက်တောင် ရယူနိုင်ခဲ့ပြီး အာဆင်နယ်ဘက်မှ ခွင့်ပြုချက်တစ်ခုသာလိုတော့ကြောင်း အတိအကျဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

အားကစားရေးရာကျွမ်းကျင်သူ အတော်များများကလည်း အာဆင်နယ်အသင်းဟာ စာချုပ်သက်တမ်းတိုးလို့မရမယ့်အတူတူ ဆန်းချက်ဇ်ကို ပေါင်သန်း ၅၀ လောက်ရရင် ပြန်ထုတ်ချင်ပေမယ့် မန်စီးတီးလို ပြိုင်ဘက်အသင်းဆီကိုတော့ ရောင်းချလိုခြင်းမရှိခြင်းက ဆန်းချက်ဇ်ရဲ့ အာဆင်နယ်မှ မထွက်ခွာဖြစ်သေးတဲ့ အဓိကအကြောင်းတရားလို့ သုံးသပ်ပါတယ်။ ဘီဘီစီအားကစားရေးရာကျွမ်းကျင်သူ မာဖီကတော့ အာဆင်နယ်အနေနဲ့ ဆန်းချက်ဇ်ကို ထွက်ခွာခွင့်ပေးလိုက်ခြင်းက ကိုယ့်သေတွင်းကိုယ်ပြန်တူးသလို ဖြစ်မှာပဲလို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။

## ချိန်ဘာလိန်၏ ချယ်လ်ဆီးအပြောင်းအရွှေ့ နောက်ကြောင်းပြန်လှည့်

အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်အတွက် ချယ်လ်ဆီးအသင်း၏ ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းမှုကို အာဆင်နယ်က လက်ခံလိုက်ပြီဖြစ်သော်လည်း ချိန်ဘာလိန်က ချယ်လ်ဆီးတွင်ကစားရမည့် သူ့ရဲ့နေရာအနေအထားကို မနှစ်သက်တာကြောင့် ချယ်လ်ဆီးနှင့် ချိန်ဘာလိန် အပြောင်းအရွှေ့ နောက်ကြောင်းပြန်လှည့်သွားပြန်ပြီဖြစ်သည်။ ချိန်ဘာလိန်က သူကစားချင်သည့် ဗဟိုကွင်းလယ်နေရာတွင် ကစားခွင့်မရခြင်းက အာဆင်နယ်မှ ထွက်ခွာလိုသည့် အဓိကအကြောင်းတရားဟု အကြောင်းပြထားသူဖြစ်သည်။ သို့သော် ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း သူ့ကို ဗဟိုကွင်းလယ်ထက် တောင်ပံခံစစ်ကစားသမားအဖြစ် အသုံးပြုဖို့ ပြင်ဆင်ထားခြင်းကြောင့် ချိန်ဘာလိန်က ချယ်လ်ဆီးအသင်းသို့ မပြောင်းရွှေ့လိုတော့ခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကလည်း ချိန်ဘာလိန်ကို ပေါင်သန်း ၄၀ အသုံးပြုခေါ်ယူဖို့ ပြင်ဆင်ထားရာ ချိန်ဘာလိန်က ချယ်လ်ဆီးထက် လီဗာပူးကိုသာ ရွေးချယ်ရန် ဆန္ဒဖြစ်ပေါ်လာခြင်းဖြစ်သည်။ ချိန်ဘာလိန်နှင့် အာဆင်နယ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ လာမည့်နှစ်နွေတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် အာဆင်နယ်ကလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရေးထက် ရသည့်ဈေးဖြင့် ထုတ်ရောင်းလိုခြင်းဖြစ်သည်။

## အာဆင်နယ်အသင်း ပြောင်းလဲရန်အချိန်တန်ပြီဟု ဂျရူးတိုက်တွန်း

အာဆင်နယ်တိုက်စစ်မှူး ဂျရူးက လီဗာပူးကို လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီး ကွင်းထဲကျန်နေသည့်အချိန်တွင် ရှက်ရွံ့မှုခံစားခဲ့ရပြီး အာဆင်နယ်အနေဖြင့် ယင်းရှက်ဖွယ်အရှုံးမှ ရုန်းထွက်ကာ ပြောင်းလဲရန်အချိန်ကျရောက်ပြီဟု ပြင်သစ်ရေဒီယို RMC နှင့် အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဂျရူးသည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခဲ့သည့်အပြင် ယခုလည်း အာဆင်နယ်က တိုက်စစ်မှူး လာကာဇက်ကို ကလပ်အသင်းစံချိန်တင်ကြေးဖြင့် ခေါ်ယူခဲ့သဖြင့် ဂျရူး အာဆင်နယ်မှ ပြောင်းရွှေ့နိုင်တယ်လို့ သတင်းများတောက်လျှောက်ထွက်ခဲ့ခြင်းဖြစ်သည်။ လိုင်ယွန်နှင့် မာဆေးလ်အသင်းတို့က ဂျရူးကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း သူ့အနေဖြင့် ပရီမီယာလိဂ်ဖလားရယူရန် အာဆင်နယ်တွင် ရှိနေခြင်းဖြစ်ပြီး အသင်းပြောင်းမည့် အစီအစဉ်မရှိကြောင်း တုံ့ပြန်ခဲ့သည်။

သို့သော် ဂျရူးက အာဆင်နယ်အနေဖြင့် ပြောင်းလဲရန်လိုအပ်နေပြီး အန်းဖီးလ်ကွင်းတွင် အဆိပ်မရှိသလို ကစားသွားခဲ့ခြင်းအတွက် ရှက်ရွံ့မှုခံစားရဆဲဖြစ်ကြောင်း ဝန်ခံခဲ့သည်။ လီဗာပူးနှင့်ပွဲအပြီးတွင် အာဆင်နယ်ပရိသတ် ၈၀ ရာခိုင်နှုန်းက ဝင်းဂါးနှင့် အာဆင်နယ်အနာဂတ် ပြီးပြတ်စေချင်ပြီဟု သဘောထားပေးခဲ့ကြသည်။ ယင်းပွဲအပြီးတွင် နည်းပြ ဝင်းဂါးက ကစားသမားများအနိုင်ရလိုစိတ်နည်းပါးခြင်းက ယခုကဲ့သို့ အရှုံးရလဒ်ကို ထွက်ပေါ်စေခဲ့ခြင်းဖြစ်သည်ဟု ပြစ်တင်ခဲ့သော်လည်း ကစားသမားများဘက်ကလည်း အာဆင်နယ်အသင်းလေ့ကျင့်ရေးအစီအစဉ်များ အပ်ကြောင်းထပ်ကာ ပြောင်းလဲခြင်းမရှိသည့်အနေအထားအပေါ် ပြန်လည်စောဒကတက်ခဲ့ကြကြောင်း သိရသည်။

ဝင်းဂါး၏ လေ့ကျင့်ရေးအစီအစဉ်အများစုမှာ စိစစ်ထားသည့်ပုံစံဖြင့် လည်ပတ်နေပြီး နည်းပြအဖွဲ့ဝင်များကလည်း လေ့ကျင့်မှုကို အထောက်အပံ့ပြုနိုင်မည့် ကိုယ်ပိုင်အစီအစဉ်များ ပြုလုပ်နိုင်ခြင်းမရှိသည့်အတွက် လေ့ကျင့်ရေးအစီအစဉ်များမှာ အပ်ကြောင်းထပ်ပြီး ပျင်းရိဖွယ်အနေအထားရောက်လာခြင်း ဖြစ်သည်။ သို့သော် ဂျရူးပြောသည့် အာဆင်နယ်အသင်း ပြောင်းလဲရေးဆိုသည်မှာ မည်သည့်အရာကို ရည်ရွယ်သလဲဆိုသည်မှာ စဉ်းစားဖွယ်ဖြစ်လာပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

## တက်တူးထိုးခြင်းက ကစားသမားများ၏ စွမ်းဆောင်ရည်ကို ကျဆင်းစေ





ကမ္ဘာကျော်ဘောလုံးစူပါစတားများအပါအဝင် ကစားသမားအတော်များများက ကိုယ်ခန္ဓာပေါ်တွင် တက်တူးရေးထိုးခြင်းကို နှစ်ခြိုက်စွာပြုလုပ်နေကြသော်လည်း တက်တူးမင်တွင် အဆိပ်ဓာတ်ပါဝင်သောကြောင့် ယင်းဓာတ်က ကစားသမားများ စွမ်းဆောင်ရည်ပိုင်းကို လျော့နည်းကျဆင်းစေကြောင်း ဂျာမန်ပါမောက္ခ ဒေါက်တာအင်ဂိုဖရိုဘိုစီ၏ ပြောကြားချက်အရ သိရသည်။

ဒေါက်တာဖရိုဘိုစီသည် ကိုလုံးဂျာမန်အားကစားတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်ပြီး "ကျွန်တော်သာဆိုရင် ကစားသမားတွေ တက်တူးထိုးတာကို တားမြစ်ပါမယ်။ ကလပ်အသင်းအတော်များများက ဒီကိစ္စရပ်ကို အလေးမထားကြပေမယ့် ကျွန်တော်ကတော့ ဒီလိုအပြုအမူတွေကို တာဝန်တစ်ခုအနေနဲ့ တားဆီးစေချင်ပါတယ်။ လေ့လာမှုစစ်တမ်းတွေအရ ကစားသမားတွေဟာ တက်တူးထိုးပြီးရင် သူတို့ရဲ့စွမ်းဆောင်ရည် သုံးရာခိုင်နှုန်း(သို့မဟုတ်) ငါးရာခိုင်နှုန်း လျော့ကျသွားတာကို တွေ့ရပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဒေါက်တာဖရိုဘိုဆီက အရေပြားဟာ ခန္ဓာကိုယ်၏ အကြီးမားဆုံး အစိတ်အပိုင်းဖြစ်ပြီး တက်တူးထိုးခြင်းက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဆိပ်သင့်စေခြင်းပင်ဖြစ်သည်ဟုလည်း မှတ်ချက်ပြုခဲ့သည်။ သို့သော် ကစားသမားအတော်များများက တက်တူးထိုးခြင်းကို ခံ့မင်စွာပြုလုပ်နေကြပြီး ဒေးဗစ်ဘက်ခမ်းခေတ်မှစ၍ တက်တူးထိုးခြင်းမှာ ဘောလုံးလောကတွင်း ယဉ်ကျေးမှုတစ်ခုလို စိမ့်ဝင်ပျံ့နှံ့လာခဲ့သည်။

မေလဲ့သင်း - စုစည်းသည်

## သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းများဖွင့်လှစ်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် World Vision Myanmar အမရပူရတို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်လျော့ချရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အေးမေတ္တာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းနှင့်တာဝန်ရှိသူများ၊ World Vision Myanmar မှ နယ်မြေတာဝန်ခံ ဦးတင်ထွန်းမြင့်၊ ဆက်သွယ်ညှိနှိုင်းရေးမှူး ဦးစန်းလွင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တိုင်းဦးစီးမှူး (တတိယတန်း၊ လေ့ကျင့်ရေးဌာန) ဦးကျော်စိုးဦး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများနှင့် အမရပူရမြို့နယ်မှ သဘာဝဘေးအန္တရာယ်လျော့ချရေး စီမံခန့်ခွဲမှုသင်တန်း သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေနှင့် World Vision Myanmar မှ နယ်မြေတာဝန်ခံ ဦးတင်ထွန်းမြင့်တို့က အမှာစကား အသီးသီးပြောကြားကြပြီး သင်တန်းကို စတင်ဖွင့်လှစ်သည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အခြေခံဝေါဟာရများ၊ ရှာဖွေကယ်ဆယ်နည်းများ၊ မီးဘေးအကြောင်း သိကောင်းစရာများ၊ လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှေးဦးပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မြန်မာနိုင်ငံ ဘူမိဗေဒအန္တရာယ်များနှင့် မိုးလေဝသနှင့် ဇလဗေဒအန္တရာယ်များ၊ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သိကောင်းစရာများကို စာတွေ့လက်တွေ့ဆွေးနွေးခဲ့ကြပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

# ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကမ်းထိန်းနံရံများ၊ ကျောက်စီရေကာတာများပြုပြင်မွမ်းမံရန်လိုအပ်နေ



**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာများသည် မြစ်ရေ၊ ချောင်းရေ တိုက်စားမှုကြောင့် ကမ်းထိန်းနံရံများ ကျောက်စီရေကာတာများ ပြုပြင်မွမ်းမံရန် လိုအပ်နေပြီဖြစ်ရာ သက်ဆိုင်ရာဌာနများအနေဖြင့် ကွင်းဆင်းစိစစ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကနီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"ကနီမြို့နယ် ကင်းအုပ်စု သစ်တောဦးစီးဌာနပိုင်နယ်မြေနဲ့ အဆောက်အအုံတွေ၊ ရဲတပ်ဖွဲ့ပိုင်မြေနဲ့ အဆောက်အအုံတွေ၊ အထက်တန်းကျောင်းဝင်းမြေနဲ့ အဆောက်အအုံတွေ၊ အထက်ကင်းကျေးရွာနဲ့ ကင်းကျေးရွာ ကျေးရွာချင်းဆက်လမ်း၊ ကျန်းမာရေးဌာနပိုင်မြေနဲ့အဆောက်အအုံတွေအတွက် မြစ်ရေတိုက်စားမှုကာကွယ်ဖို့ ကျောက်စီမြေထိန်းနံရံတွေ လိုအပ်နေပါတယ်။ ဒါ့အပြင် ချိုင်းဒင်ပေါက် မြစ်ကမ်းနဲ့ လူနေအိမ်တွေဟာ နီးကပ်နေသလို မူကြိုကျောင်း၊ အထက်တန်းကျောင်းနဲ့ ပေ ၅၀ လောက်သာ ကွာတော့တဲ့အတွက် လောလောဆယ်မှာ ကိုယ်ထူကိုယ်ထ ကမ်းထိန်းနံရံတွေ လုပ်နေရပါတယ်။

ချောင်းရေတိုက်စားတာတွေ အနေနဲ့က ကင်းတောင်အုပ်စု ဆင်စမ်းကျေးရွာမှာ ကျောက်စီရေကာတာ လိုနေသလို ချောင်းမရှေ့က ငမွဲချောင်းတိုက်စားတာကြောင့် မုံရွာ-ယာကြီးလမ်း ရေတိုက်စားတာကိုလည်း ကာကွယ်တည်ဆောက်ပေးဖို့လိုနေပါတယ်။ ဒါ့အပြင်ဘုမ္မဇင်းအုပ်စု တအုံအရှေ့ရွာနဲ့ ခုံကြီးအုပ်စု မြောက်ကုန်းကျေးရွာ၊ ရေစိုကျေးရွာ သင်္ဂဒုံချောင်းရေ တိုက်စားတာတွေကာကွယ်ဖို့ ရေထိန်းနံရံတွေလိုနေပါတယ်" ဟု ဦးထွန်းထွန်းဝင်းက ပြောပြသည်။

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကနီမြို့နယ် နေရာခြောက်ခုတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စုစုပေါင်းကျပ် ၁၂၂၅ သန်း အကုန်အကျခံ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၆) စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးက ကနီမြို့နယ်အတွင်း၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်က ကနီမြို့ဆိပ်ကမ်း ကမ်းထိန်းလုပ်ငန်း ဝက်ချောင်းကလေးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ကျောက်လှေခါးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၄၃ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ကွန်ကရစ်တံတားတိုးချဲ့တည်ဆောက်မှုစက်တင်ဘာတွင် ရာနှုန်းပြည့်ပြီးစီးမည်



**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အဝင် မုဆိုးခြုံတူးမြောင်းပေါ်ရှိ ယခင်တည်ဆောက်ထားသော အရှည် ၆၅ ပေ၊ အကျယ် ၂၈ ပေ သံကူကွန်ကရစ်တံတားနှင့် ယှဉ်ပြီး အရှည် ၆၅ ပေ၊ အကျယ် ၂၅ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုမှာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးထံမှ သိရသည်။

သံကူကွန်ကရစ်တံတားထပ်မံ တိုးချဲ့ရခြင်းမှာ အဝေးပြေးကားဝင်းအနီးတွင်ရှိသည့်အတွက် အဝေးပြေးကားများ၊ ကိုယ်ပိုင်ယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာရာတွင် ယာဉ်များပိတ်ဆို့လျက်ရှိသောကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် သွားလာမှု လွယ်ကူမြန်ဆန်စေရန်အတွက် ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ တိုးချဲ့ဆောက်လုပ်ခဲ့ရာ စက်တင်ဘာတွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း ဦးမောင်ထူးက ဆက်လက်ပြောကြားခဲ့သည်။

တိုးချဲ့တံတား ပြီးစီးသွားပါက ကားတစ်စင်းနှင့်တစ်စင်း တံတားဖြတ်ရာတွင် စောင့်စရာမလိုတော့ဘဲ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ မှန်လုံအဝေးပြေးကားကြီးများ၊ အန်စာတုံးကားများ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ လူမှုကူညီရေးကားများသည် တံတားဟောင်းမှာ ကျဉ်းနေသဖြင့် အထူးသတိထားကာ မောင်းနှင်နေကြရာမှ ယခုတံတားကို ထပ်မံတိုးချဲ့လိုက်သည့်အတွက် အန္တရာယ်ကင်းရှင်းပြီး လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သံကူကွန်ကရစ် တိုးချဲ့တံတားကို ရွှေတောင်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်နေရာ ဩဂုတ် ၂၅ ရက် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူး၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## မီးဘေးလုံခြုံရေးမန္တလေးရှိစက်သုံးဆီဆိုင်များ အားစစ်ဆေး

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် မီးဘေးလုံခြုံရေးအတွက် ဓာတ်ဆီဆိုင်များအား စစ်ဆေးလျက်ရှိရာ ဩဂုတ် ၃၀ ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ် (၇၈)လမ်း ခင်စောမူကွေ့ရှိ စက်သုံးဆီအရောင်းဆိုင်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးခြင်းဖြစ်ပြီး စက်သုံးဆီဆိုင်များတွင် Foam ဆေးရည် (မီးသတ်ရေမြှုပ်အရည်) ရှိ မရှိ မီးသတ်ဆေးဘူးရှိ၊ မရှိ၊ အရေးပေါ်မီးသတ်ရေကန်ရှိ၊ မရှိ၊ ဆီသိုလှောင်ကန်များစနစ်တကျထားရှိမှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ရက်တွေက ရန်ကုန်မှာ ဆီဘောက်ဆာကားကြောင့် မီးလောင်မှုဖြစ်ပွားပြီးနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ မန္တလေးခရိုင်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးအတွက် လိုက်လံစစ်ဆေးလျက် ရှိပါတယ်။ ဆိုင်ကြီးတစ်ဆိုင်မှာ Foam ဆေးရည် တစ်ပီပါလောက်ထားရှိရမှာကို ၁၀ ဂါလန်နဲ့ ဂါလန် ၂၀ လောက်ပဲထားရှိတာတွေ့ရပါတယ်။ တချို့ဆိုင်တွေမှာဆို အရေးပေါ်မီးသတ်ရေလှောင်ကန်တောင် လုံလုံလောက်လောက် ထားရှိတာ မတွေ့ပါဘူး။ ဆိုင်ဝန်ထမ်းတွေလည်း Fire Safety Manager မီးငြိမ်းသတ်နည်းသင်တန်းကို ပြန်လည်ပြီး ဆင့်ပွားသင်တန်းတွေပို့ပေးစေချင်ပါတယ်။ ဓာတ်ဆီဆိုင်တွေမှာ မိန်းကလေး ပန့်ကိုင်တွေ့ခန့်ထားတာတွေ့ရပါတယ်။ ဝန်ထမ်းအသစ်ရောက်တိုင်း Fire Safety Manager သင်တန်းပို့ချပေးသင့်ပါတယ်။ မဟာအောင်မြေ မြို့နယ်အတွင်းရှိ စက်သုံးဆီ ၁၃ ဆိုင်ကို စစ်ဆေးသွားမှာဖြစ်ပြီး ကျန်မြို့နယ်တွေမှာရှိတဲ့ စက်သုံးဆီ ဆိုင်တွေကိုလည်း ဆက်လက်စစ်ဆေးသွားမှာပါ"ဟု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မန္တလေးခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးသန်းနိုင်က ပြောသည်။

**(၀၀၂)**

## အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြိုပန်းချီပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သားငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အကြိုပန်းချီပြိုင်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ရန်ကြီးအောင်ရပ်ကွက်ရှိ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပန်းချီပြိုင်ပွဲအား မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၅၇ ဦးနှင့်အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့က နံနက် ၁၁ နာရီခွဲအထိ ရေးဆွဲယှဉ်ပြိုင်ကြကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ (WCS)မှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်အဆင့်အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## လူထုဗဟိုပြုစီမံကိန်းမှ ဝေဖန်အကြံပြုသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၀**

ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးသင်တန်းကို ဩဂုတ် ၂၉ ရက်က တပ်ကုန်းမြို့နယ် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ရာ လူထုဗဟိုပြုစီမံကိန်း(CDDမှစီမံကိန်းဝန်ထမ်းများဖြစ်သည့် လူထုစည်းရုံးရေးမှူး ၂၆ ဦး တက်ရောက် သင်ကြားခဲ့သည်။

အကြံပြုတိုင်ကြားနိုင်သောစနစ်ကို စီမံကိန်းနှင့် ဆက်နွယ်သူများအားလုံး(Stakeholders)ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန်၊ ဖြစ်ပေါ်လာသည့် ပြဿနာများကို စေ့စပ်သေချာသော လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းနိုင်ရန်၊ စီမံကိန်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည့် အကြောင်းအရာများကို ခိုင်လုံစွာဖော်ထုတ်နိုင်ရန်၊ စီမံကိန်းလမ်းကြောင်းမှန်ပေါ်ရှိနေစေရန် တာဝန်ခံမှု ကျင့်ဝတ်စောင့်ထိန်းမှု အားကောင်းစေရေး အဆိုပါသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း စီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သူရိန်ထွန်း**

## ဓာတ်အားပြတ်တောက်စေသည့်အပြစ်များရှာဖွေပြုပြင်ခြင်း၊ လိုင်းကြိုးမြှင့်ခြင်းနှင့် ငှက်မနားကိရိယာတပ်ဆင်ခြင်းတို့ဆောင်ရွက်

**ဒဂုံမြို့သစ်(တောင်ပိုင်း) ဩဂုတ် ၃၀**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့တွင် 33KV ကောင်းကင်ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် လိုင်းကြိုးများ အနာအဆာ ရှိ၊ မရှိစစ်ဆေးပြုပြင်ပေးခြင်း၊ ကြွေသီးများလဲလှယ်ပေးခြင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်စေသည့် အပြစ်များရှာဖွေပြုပြင်ခြင်း၊လိုင်းကြိုးမြှင့်ခြင်းနှင့်ငှက်မနား ကိရိယာတပ်ဆင်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက Platform Truck ယာဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ မြစ်ကြီးနားလမ်း၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းအား အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာဦးစံဌေး၊ခရိုင်မန်နေဂျာအင်ဂျင်နီယာ ဦးသန်းထွန်းအေးနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာဦးဇော်ဇော်လတ်တို့က အနီးကပ်ကြီးကြပ်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြို့နယ် ခုနစ်မြို့နယ်မှစုဖွဲ့အင်အား ၁၀၀၊ သဃ်န်းကျွန်းမြို့နယ်မှ စုဖွဲ့အင်အား ၄၅ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

“33KV ကောင်းကင်ဓာတ်အားလိုင်းက သာကေတဓာတ်အားခွဲရုံမှတောင်ဒဂုံကိုဖြတ်ပြီး သဃ်န်းကျွန်းမြို့နယ်မှတစ်ဆင့်မြောက်ဒဂုံဓာတ်အားခွဲရုံထိ ဆက်သွယ်ပေးထားပြီး အရှည် ၄ ဒသမ ၈ မိုင်ခန့်ရှည်ပါတယ်။ ရာသီဥတုကြောင့်ဖြစ်ပေါ်လာတဲ့ လိုင်းကြိုးတွေပျက်စီးယိုယွင်းနေတာ၊ ကြွေသီးတွေ ကွဲအက်နေတာတွေပြုပြင်ပေးရပါတယ်။ ကြွေသီးနဲ့တန်းတွေမှာ ငှက်တွေမနားအောင် ငှက်မနားကိရိယာတပ်ဆင်ပေးပါတယ်။ လိုင်းကြိုးတွေပေါ်မှာ အုပ်မိုးနေတဲ့သစ်ပင်တွေကိုလည်း အန္တရာယ်ကင်းရှင်းအောင် ခုတ်ထွင်ပေးခြင်းဖြင့် မိဘပြည်သူတွေ ဓာတ်အားပြတ်တောက်မှုနည်းပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေမှာဖြစ်ပါတယ်”ဟု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လျှပ်စစ်လက်ထောက်မန်နေဂျာ ဦးစောသီဟထွန်းကရှင်းပြသည်။

**မောင်မောင်**

## ကျန်းမာရေးအထောက်အကူပြု အလှူငွေများလှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၃၀**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းကကြီးမှူး၍ အလှူရှင် ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) တို့ ပူးပေါင်းကာ အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ်အဖြစ် အသက်(၈၅)နှစ်နှင့်အထက် အသင်းသား သက်ကြီးဘိုးဘွားများအား ကျန်းမာရေး အထောက်အကူပြု အလှူငွေများကို အမှုဆောင်များကိုယ်တိုင် အိမ်တိုင်ရာရောက်ပေးအပ်လှူဒါန်းကြမည်ဖြစ်သည့်အပြင် နာတာရှည်မမာမကျန်းဖြစ်၍ ဆေးဝါးကုသခံနေရသော သတ်မှတ်အသက်မပြည့်သေးသည့် အသင်းဝင်များအတွက်လည်း ထောက်ပံ့နိုင်ရန်စီစဉ်ထားရာ ဆက်သွယ်လိုပါက အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၀၉-၇၈၅၄၂၀၉၃၀၊ အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉-၄၂၀၁၀၁၃၈၉၉၊ တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း-၀၉-၄၄၀၃၇ ၇၆၁၃၆၊ ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင် ဖုန်း-၀၉-၅၀၀၆၄၇၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကိုဇော်)**



## ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့အတွက် ရခိုင်အမျိုးသားအသင်းချုပ်ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၃၀**

ရခိုင်အမျိုးသားအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၉ ရက်မွန်းလွဲ ၁ နာရီက မောင်တောဒေသ ကူညီထောက်ပံ့ရေးအထူးအစည်းအဝေးကျင်းပရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့အတွက် ရခိုင်အမျိုးသားအသင်းချုပ်မှ ဆန်အိတ် ၂၀၀ နှင့် နှင်းခွဲဓာတ်မီးများဝယ်ယူရန်အတွက် ငွေကျပ် ၁၀ သိန်းကိုလှူဒါန်းခဲ့ကြသည်။

ရမ်းဗြဲ၊ တောင်ကုတ်၊ ဂွ၊ သံတွဲ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ အမ်း၊ ရသေ့တောင်၊ မင်းပြား၊ မြေပုံ၊ ကျောက်တော်၊ မြောက်ဦး၊ ပေါက်တောမြို့နယ်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များစုံညီစွာတက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(ကြေးမုံ)**

## အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မိုးရာသီရပ်ကွက်ပေါင်းစုံ အသက်(၂၂)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီက မြန်မာ့မီးရထားဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအေးမင်းတို့က မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အုပ်စု (က)အသင်းမှ ရွာမအရှေ့အသင်းနှင့် မြို့သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့သစ်အသင်းက (၃)ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရွာမအနောက် (က)အသင်းနှင့် ဈေးကုန်းအရှေ့အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျခဲ့ကြောင်းသိရသည်။

**ညဏ်ဟိန်း**



**ပုဇွန်တောင်မြို့နယ် (၁၀) ရပ်ကွက် အထက-၁ ကျောင်းနှင့် အထက-၂ ကျောင်းရှေ့တို့တွင် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမျိုးလွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၂မှ ဒုရဲမှူးသိန်းတိုးဇော်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ၆မှ ရဲအုပ်သိန်းဌေးနှင့် မူးယစ်တပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ဇော်ခိုင်ထူးတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။ (၁၁၈)**

## မိုဘိုင်းဖုန်းဘေလ်သုံးစွဲရာတွင် စနစ်တကျ သုံးစွဲတတ်စေရန် ရှင်းလင်းပြောကြား

ယနေ့ကာလ မြန်မာနိုင်ငံအတွင်း မိုဘိုင်းဖုန်းသုံးစွဲလာမှုများ နေ့စဉ်မြင့်တက်လျက်ရှိနေပြီး ဖုန်းလိုင်းကတ်နှင့် ငွေဖြည့်ကတ်များသည်လည်း အရောင်းရဆုံးဈေးကွက်တစ်ခုဖြစ်လာသည်။ ယနေ့အချိန်တွင် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာသုံးခုရှိပြီးမကြာမီတွင် အော်ပရေတာအသစ်တစ်မျိုးထပ်မံပေါ်ပေါက်လာတော့မည်ဖြစ်သည်။ မကြာသေးမီက ပြည်တွင်း ဆက်သွယ်ရေးအော်ပရေတာများကို ဖုန်းဘေလ်ဖြတ်တောက်ရာတွင် သတ်မှတ်အတိုင်းအတာတစ်ခုကို ဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားသတ်မှတ်ပေးခဲ့သည်။ ၎င်းနောက်ပိုင်းတွင် အော်ပရေတာများ ဖုန်းဘေလ်ပိုမိုဖြတ်တောက်မှုများရှိနေသည်ဟူ၍ သုံးစွဲသူများအကြားပြောဆိုမှုများရှိလာပြီး ထိုအထဲတွင် တယ်လီနော အော်ပရေတာက အများဆုံး ဖြတ်တောက်ခံရသည်ဟု ပြောဆိုခြင်းများအပေါ် တယ်လီနော၏ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ဖုန်းဘေလ်သုံးစွဲမှုနှင့်ကုန်ကျမှုများအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

မိုဘိုင်းဖုန်းများ အဆင့်မြင့်မားလာမှုနှင့်အတူ Application များကို ပိုမိုအသုံးပြုလာမှုများကာ အင်တာနက်ဒေတာ သုံးစွဲမှုများအပေါ် သက်ရောက်မှုရှိနေပြီး ယင်း Applications များ အလိုအလျောက် အဆင့်မြှင့်မှုများကြောင့် မလိုလားအပ်ဘဲ၊ မိမိကိုယ်တိုင် မသုံးစွဲလိုက်မိဘဲ မိုဘိုင်းဒေတာများ ကုန်ဆုံးမှု မပေါ်ပေါက်စေရန် နားလည်တတ်ကျွမ်းသူများအား ပြသ၍ သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း ဖုန်း၏ Background Data Restriction ကို ပြုလုပ်ထားခြင်း၊ မိမိဖုန်း၏ Hotspot ကို Password ဖြင့် ကာကွယ်ထားခြင်း၊ အွန်လိုင်းမှဗီဒီယိုများ ကြည့်ရှုရာတွင် ပြသသည့် အရည်အသွေးကို ချိန်ညှိခြင်း၊ Facebook လှုမှုကွန်ရက်တွင် ဗီဒီယိုအလိုအလျောက်ပြသမှုများကို ကန့်သတ်ခြင်းစသည်တို့ကို လုပ်ဆောင်ထားသင့်ကြောင်း သိရသည်။

ထို့အပြင် မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့် အခြေခံနှုန်းထားများနှင့် ပရိုမိုးရှင်းအစီအစဉ်များအပေါ် ပိုမိုနားလည် သဘောပေါက်ခြင်းဖြင့် မိမိတို့ ဖုန်းသုံးစွဲမှုအတွက် ကုန်ကျမှုအခြေအနေများကို မှန်းဆနိုင်မည်ဖြစ်ပြီး ဒေတာနှင့် ဖုန်းခေါ်ဆိုမှုများအတွက် မိမိအသုံးပြုမှုနှင့် ကိုက်ညီသည့် ပရိုမိုးရှင်းအစီအစဉ်များ၊ ဈေးနှုန်းပိုမိုသက်သာသည့် အင်တာနက်ဒေတာ အစီအစဉ်များကို ရယူအသုံးပြုခြင်းအားဖြင့် ဝန်ဆောင်မှုများကို ကုန်ကျမှုသက်သာစွာဖြင့် ရယူသုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။



သုံးစွဲသူများအနေဖြင့် မရှင်းလင်းသည့် အချက်အလက်များနှင့် သိလိုသည်များကို သက်ဆိုင်ရာ အော်ပရေတာများ၏ Facebook စာမျက်နှာ၊ အင်တာနက်စာမျက်နှာများနှင့် Call Center များသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး တယ်လီနောအနေဖြင့်လည်း အဆိုပါ ပြဿနာများကို နားလည်သဘောပေါက်သည်အထိ ဖြေရှင်းပေးနိုင်ရန် အဖွဲ့တစ်ခုဖွဲ့စည်းထားကြောင်း Ms.Joslin Myrthong က ပြောကြားခဲ့သည်။

**သတင်း–ဓာဏီ**
**ဓာတ်ပုံ–ဂျေအယ်လ်**

## Fitbit မှ စမတ်နာရီသစ်နှင့်ကြိုးမဲ့နားကြပ်သစ် မိတ်ဆက်



လာမည့်စက်တင်ဘာလအတွင်း စတင်ရောင်းချတော့မည့် Ionic စမတ်နာရီသစ်တစ်မျိုးနှင့် Fitbit Flyer အမည်ရှိ ကြိုးမဲ့နားကြပ်အသစ်ကို Fitbit မှစတင်မိတ်ဆက်ပေးလိုက်သည်။ ကျန်းမာရေးအထောက်အကူပြု နည်းပညာပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်လာနေသည့်နောက်ပိုင်းတွင် စမတ်နာရီများမှာလည်း ကျန်းမာရေးနှင့် အားကစား အထောက်အပံ့တစ်ခုဖြစ်လာစေရန် ပိုမိုကောင်းမွန်သည့်နည်းပညာများကို အသုံးပြုလာကြပြီဖြစ်သည်။

အဆိုပါစမတ်နာရီ၏ကိုယ်ထည်ပိုင်းကို အလူမီနီယံသတ္တုစပ်ဖြင့် ဖန်တီးထားပြီး လက်ပတ်ကြိုးပုံစံအမျိုးမျိုးလဲလှယ်တပ်ဆင်နိုင်မည်ဖြစ်သည်။ ကောင်းမွန်သည့် Fitness စမတ်နာရီတစ်မျိုးဖြစ်စေရန် ရည်ရွယ်ပြီး Fitbit Coach ဟုခေါ်ဆိုသော လုပ်ဆောင်မှုတစ်ခုထည့်သွင်းပေးထားသည်။ ရေအောက်တွင် မီတာ ၅၀ အထိအသုံးပြုနိုင်မည်ဖြစ်ပြီး နှလုံးခုန်နှုန်းကို ခြေရာခံပေးမည်ဖြစ်သည်။ ထို့အပြင် ၎င်းစမတ်နာရီသည် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုခြင်းနှင့် အိပ်စက်ခြင်းများအပေါ်တွင် အလိုအလျောက်ခြေရာခံပေးနိုင်သည်ဟုသိရသည်။ စမတ်ဖုန်းနှင့်ချိတ်ဆက်ကာ အသုံးပြုနိုင်ပြီး လေးရက်ကြာအသုံးပြုနိုင်သည့် ဘက်ထရီကိုလည်း တပ်ဆင်ပေးထားသည်။

Flyer နားကြပ်သစ်မှာ Ionic စမတ်နာရီ၊ စမတ်ဖုန်း၊ ကွန်ပျူတာများနှင့်ချိတ်ဆက်အသုံးပြုနိုင်ပြီး တပ်ဆင်အသုံးပြုသည့်အခါ သက်သောင့်သက်သာရှိစေရန် ဖန်တီးထားသည်။ အရည်အသွေးမြင့်မားသော အသံများကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ကာ အကြမ်းခံနိုင်ပြီး ကြိုးမဲ့စနစ်ဖြင့်ချိတ်ဆက်ကာအသုံးပြုနိုင်သည်။ အသံပိုင်းဆိုင်ရာထိန်းချုပ်မှုများအတွက် နားကြပ်၏ ကြိုးပေါ်တွင် ထိန်းချုပ်ခလုတ်များပါဝင်သည်။ တစ်ကြိမ်အားသွင်းထားလျှင် ခြောက်နာရီကြာအသုံးပြုနိုင်မည်ဖြစ်ပြီး ဘက်ထရီအားနည်းသည့်အချိန်တွင် အသံဖြင့်သတိပေးမှုများလုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ၎င်းပစ္စည်းသစ်နှစ်မျိုး၏ တန်ဖိုးမှာ Ionic စမတ်နာရီအတွက် စတာလင်ပေါင် ၃၀၀ ဝန်းကျင်နှင့် Flyer နားကြပ်အတွက် စတာလင်ပေါင် ၁၁၀ ဝန်းကျင်တွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

ALEX

# ပထမဆုံး တစ်ကိုယ်တော်ခွေကို ဒီဇင်ဘာလမှာ ထွက်ရှိနိုင်ဖို့ ပြင်ဆင်နေတဲ့ စွမ်း



ဇာတ်သဘင်လောကမှာ နာမည်ကျော်တစ်ဦးဖြစ်သလို သရုပ်ဆောင်ဘက်မှာလည်း ပရိသတ်အားပေးမှုရရှိထားတဲ့ စွမ်းက လာမယ့်ဒီဇင်ဘာလမှာတော့ နှလုံးသားကိုလက်ဖွဲ့မယ်လို့အမည်ပေးထားတဲ့ တစ်ကိုယ်တော်ခွေနဲ့အတူ ဂီတလောကကို ခြေချဖို့စိုင်းပြင်းနေပြီလို့ သိရပါတယ်။

"ကျွန်တော် ဒီအခွေကိုလုပ်နေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကလည်း အဆိုတော်ဖြစ်ချင်တာပါ။ ဒါပေမယ့် အဆိုတော်မဖြစ်ဘဲ ဇာတ်မင်းသားနဲ့ ရုပ်ရှင်မင်းသား ဖြစ်လာတယ်။ အဲဒါကြောင့် ကိုယ့်ရဲ့ မူလရည်ရွယ်ချက် မပျောက်သွားအောင်လို့ မအားတဲ့ကြားထဲကနေ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုပြီး လုပ်ခဲ့တဲ့ အခွေလေးပါ။ ဒီအခွေကို လာမယ့်ဒီဇင်ဘာလမှာထွက်နိုင်အောင်ကြိုးစားနေပါတယ်"ဆိုပြီး တစ်ကိုယ်တော်ခွေ စီစဉ်ဖြစ်ခဲ့တဲ့အပေါ် စွမ်းက ပြောပြခဲ့တာပဲဖြစ်ပါတယ်။ ဒီသီချင်းခွေထဲမှာ စွမ်းရေးသားထားတဲ့ ကိုယ်တိုင်ရေးသီချင်း နှစ်ပုဒ်ပါဝင်ပြီး သီချင်းအများစုက အသည်းကွဲသီချင်းတွေသာ ဖြစ်တယ်လို့လည်း သိရပါတယ်။ "ဒီအခွေထဲမှာ ကျွန်တော် ကိုယ်တိုင်ရေးအသည်းကွဲသီချင်း နှစ်ပုဒ်ပါပါတယ်။ ကျန်တဲ့သီချင်းတော်တော်များများကလည်း အသည်းကွဲသီချင်းတွေချည်းပါပဲ။ အချစ်သီချင်းကတော့ နှစ်ပုဒ်ပါမယ်။ ဒီအခွေလေးက ယောကျ်ားလေးတွေအတွက် အကြိုက်တွေ့နိုင်မယ့် အခွေလို့ထင်ပါတယ်"လို့ စွမ်းက ပြောပြခဲ့ပါတယ်။ သီချင်းအမျိုးအစားတွေအနေနဲ့ ပေ့ါပ် နဲ့ ရော့ခ် တွေပါဝင်မယ့် စွမ်းရဲ့တစ်ကိုယ်တော်စီးရီးမှာ သီချင်းပုဒ်ရေ စုစုပေါင်း ၁၀ ပုဒ်နဲ့ ၁၃ ပုဒ် ကြားပါဝင်မယ်လို့ သိရပါတယ်။

# သရုပ်ဆောင်လုပ်ဖို့အစီအစဉ်မရှိသေးဘူးဆိုတဲ့ ပန်းရောင်ခြယ်

နိုင်ငံကျော်တေးသံရှင် ဂရေဟမ်ရဲ့ သမီးဖြစ်သူ ပန်းရောင်ခြယ်က ဂီတပိုင်းကိုပဲ အချိန်ပေးချင်တာကြောင့် သရုပ်ဆောင်လုပ်ဖို့အစီအစဉ်မရှိသေးဘူးလို့ ပြောပါတယ်။

"ပန်းရောင်ကို ကြော်ငြာလေးတွေ၊ ဓာတ်ပုံလေးတွေရိုက်ပေးဖို့ ကမ်းလှမ်းတာလေးတွေကိုပဲ ကိုယ်တတ်နိုင်သလောက် ရိုက်ဖြစ်တာပါ။ ပန်းရောင်သရုပ်ဆောင်လုပ်ဖို့ကတော့ အစီအစဉ်မရှိသေးပါဘူး။ ဘာလို့လဲဆိုတော့ ပန်းရောင်က ဂီတကို ပိုပြီးဝါသနာပါတဲ့အတွက် သီချင်းတွေကိုပဲ သေချာလေးစိတ်နှစ်ပြီးလုပ်သွားမှာပါ" လို့ ပန်းရောင်ခြယ်က ပြောပြပါတယ်။

သူမအနေနဲ့ ဖခင်ဖြစ်သူကို အားကျသူပီပီ တေးဂီတပိုင်းကိုသာ အာရုံစိုက် ကြိုးစားသွားမှာ ဖြစ်သလို လတ်တလောမှာလည်း သူမရဲ့ ပထမဆုံးတစ်ကိုယ်တော်စီးရီးအတွက် အကောင်းဆုံးဖြစ်အောင် ဖခင်နဲ့တိုင်ပင်ပြီး ပြင်ဆင်နေတယ်လို့ ထပ်မံပြောပြပါတယ်။



"ပန်းရောင်ရဲ့ တစ်ကိုယ်တော်ခွေမှာတော့ ကိုယ့်အသံနဲ့ လိုက်မယ်ထင်တဲ့ ပေ့ါပ် နဲ့ အာရန်ဘီ သီချင်းတွေကို အဓိကဆိုသွားမှာပါ။ အချစ်သီချင်း အများဆုံးပါပါမယ်။ ဒါက ပန်းရောင်ရဲ့ ပထမဆုံး အယ်လ်ဘမ်လေးဖြစ်တဲ့အတွက် သီချင်းရွေးချယ်မှုပိုင်းကအစ သေချာလေးလုပ်ထားပါတယ်။ အယ်လ်ဘမ်ထွက်လာရင်လည်း ပန်းရောင်ကို အားပေးဝေဖန်ကြပါဦးလို့ ပြောချင်ပါတယ်"ဟု ပန်းရောင်ခြယ်က ထပ်မံပြောပြခဲ့ပါတယ်။

ဒီအယ်လ်ဘမ်မှာတော့ တေးသံရှင် ပန်းရောင်ခြယ်ရဲ့ ကိုယ်တိုင်ရေးတေးသီချင်းတွေ အများဆုံး ပါဝင်မှာဖြစ်ပြီး တေးရေး အောင်ကိုမြင့်နဲ့ အခြားတေးရေးဆရာတွေလည်း ပါဝင်ရေးသားပေးထားတဲ့အပြင် ဒီနှစ်အတွင်းမှာ ထွက်ရှိနိုင်ဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

**မေနှင်းဆီ - စုစည်းသည်**



**အေးပြည့် - စုစည်းသည်**

# ဆန်ဒရာဘူးလော့ခ်က ဟာရီကိန်းဟာဗေးဒဏ်ခံခဲ့ရသူများအတွက် ဒေါ်လာတစ်သန်း လှူဒါန်း

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဆန်ဒရာဘူးလော့ခ်ဟာ လတ်တလောမှာတော့ အခြားသော အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနိုးလက်စ်၊ အယ်ရော့ခ်၊ ကမ်ကာဒါးရှီးရန်းနဲ့ ဂျနီဖာလိုပက်ဇ်တို့နဲ့အတူလက်တွဲကာ ဟာရီကိန်းမုန်တိုင်း ဟာဗေးဒဏ်သင့်ခဲ့ရသူတွေကို ကူညီထောက်ပံ့ပေးဖို့ အလှူငွေထည့်ဝင်ခဲ့ပါတယ်။ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ခံထားရတဲ့ မင်းသမီး ဆန်ဒရာဘူးလော့ခ်က ရုပ်ရည်လှပသူတစ်ဦးဖြစ်တဲ့အပြင် စိတ်သဘောလှသူတစ်ဦးဖြစ်ကြောင်းပြသခဲ့ပြီး မုန်တိုင်းဒဏ်ခံခဲ့ရတဲ့သူတွေအတွက် အမေရိကန်ဒေါ်လာ တစ်သန်း ပေးအပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်။

ဟာရီကိန်းဟာဗေးဟာ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှာ တိုက်ခတ်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အသက်(၅၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆန်ဒရာဘူးလော့ခ်ဟာ တက္ကဆက်ပြည်နယ်အတွင်းမှာ နေအိမ်တစ်လုံးကို ပိုင်ဆိုင်ထားသူလည်း ဖြစ်ပါတယ်။ တက္ကဆက်ပြည်နယ်အတွင်းမှာရှိကြတဲ့ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရတဲ့သူတွေနဲ့ မိသားစုဝင်တွေအတွက် ထောက်ပံ့ပေးအပ်သွားမယ့် အလှူငွေကိုတော့ ဆန်ဒရာက အမေရိကန်နိုင်ငံ ကြက်ခြေနီအသင်းကနေတစ်ဆင့် လှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ်နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ကာဒါးရှီးရန်းမိသားစုဝင်တွေအနက် ခရစ်ဂျန်ဒါ၊ ကောင်တ်နေကာဒါးရှီးရန်း၊ ကမ်ကာဒါးရှီးရန်း၊ ကိုးလ်ကာဒါးရှီးရန်း၊ ကန်ဒဲလ်ဂျန်နာနဲ့ ကိုင်လီဂျန်နာတို့ကလည်း အမေရိကန်ဒေါ်လာ ငါးသိန်းထည့်ဝင်လှူဒါန်းသွားမှာဖြစ်ပြီး နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ခရစ်ဘရောင်းကတော့ အလှူငွေအမေရိကန်ဒေါ်လာ တစ်သိန်းကို ကြက်ခြေနီအသင်းကနေတစ်ဆင့် မလှူဒါန်းဘဲ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဟာရီကိန်းဟာဗေးဒဏ်ခံခဲ့ရသူများအတွက် အမှတ်တရတေးသီချင်းဖန်တီးခဲ့တဲ့ ကိုးဒ်ပလေး


ဗြိတိန်နာမည်ကျော် ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ကိုးဒ်ပလေးက လတ်တလောမှာ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အတွင်း တိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသူတွေအတွက် အမှတ်တရတေးသီချင်းတစ်ပုဒ်ကို ပထမဆုံးအကြိမ်သီဆိုဖျော်ဖြေခဲ့ပြီး ယင်းတေးသီချင်းကိုတော့ "Houston"လို့ အမည်ပေးခဲ့တာဖြစ်ပါတယ်။

ယင်းတေးသီချင်းဟာ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အတွင်းမှာရှိတဲ့ ဟာရီကိန်းဟာဗေးဒဏ်ကို အကြီးအကျယ်ခံစားခဲ့ရတဲ့ ဟူစတန်မြို့ရဲ့ ပုံရိပ်တွေကို ထည့်သွင်းရေးဖွဲ့ထားတဲ့ တေးသီချင်း ဖြစ်ပါတယ်။ လတ်တလောမှာ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်နေတဲ့ ကိုးဒ်ပလေးတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ တနင်္လာနေ့က ဖလော်ရီဒါပြည်နယ် မိုင်ယာမီမှာရှိတဲ့ ဟာ့ဒ်ရော့ခ်ကွင်းမှာကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ တေးသီချင်းသစ် "Houston"ကို ခရစ်မာတင်က သီဆိုဖျော်ဖြေခဲ့ကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ ခရစ်မာတင်က "ဒီသီချင်းလေးဟာ သီချင်းသစ်တစ်ပုဒ်ဖြစ်ပြီး ကျွန်တော်တို့နောက်တစ်ကြိမ်လည်း ဘယ်တော့မှ သီဆိုဖျော်ဖြေဖြစ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့အဖွဲ့ဟာ ဒီသီချင်းလေးကို မိုင်ယာမီက ပရိသတ်တွေအတွက် သီဆိုပေးခဲ့တာပါ။ ကျွန်တော်တို့ရဲ့ ဖျော်ဖြေပွဲနဲ့လွဲခဲ့ရတဲ့သူတွေဆီကိုလည်း ဒီသီချင်းလေးရောက်ရှိနိုင်ဖို့ မျှော်လင့်ပါတယ်"လို့လည်း ပြောကြားခဲ့ပါတယ်။

ကိုးဒ်ပလေးဟာ အဖွဲ့ရဲ့ဖျော်ဖြေပွဲကို ကနဦးက ဟူစတန်မှာ ဩဂုတ် ၂၅ ရက်က ကျင်းပသွားဖို့ စီစဉ်ထားတာဖြစ်ပြီး မုန်တိုင်းကြောင့် ရာသီဥတုအခြေအနေဆိုးရွားတဲ့အတွက် ဖျော်ဖြေပွဲကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ယခုနှစ်အတွင်း လက်ထပ်တော့မယ့် ဂျန်ဂူဝင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ဂူဝင်ဟာ ယခုနှစ်နှစ်ကုန်ပိုင်းမှာ လက်ထပ်တော့မှာဖြစ်ပါတယ်။ သူ့ရဲ့ သတို့သမီးလောင်းကတော့ တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လာမယ့်စက်တင်ဘာ ၃၀ ရက်မှာ လက်ထပ်ပွဲဆင်နွှဲတော့မှာဖြစ်ပါတယ်။

ဂျန်ဂူဝင်ရဲ့ သတို့သမီးလောင်းဟာ စန္ဒရားပညာရှင်တစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲလာခဲ့ကြတာတစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။ မင်္ဂလာပွဲကိုတော့ ခမ်းခမ်းနားနားကျင်းပဖို့ထက် ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ နှစ်ဖက်ဆွေမျိုးတွေနဲ့သာ အကျဉ်းချုံးကျင်းပဖို့အတွက် စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့်စက်တင်ဘာလမှာ ကျင်းပမယ့် လက်ထပ်ပွဲဟာ ဂျန်ဂူဝင်အတွက်တော့ ပထမဆုံးသောလက်ထပ်ပွဲမဟုတ်ပါဘူး။ သူဟာ ၂၀၁၄ ခုနှစ်အတွင်းက လက်ထပ်ခဲ့ဖူးပြီး သူ့ရဲ့ပထမအိမ်ထောင်နဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း တရားဝင်ကွာရှင်းခဲ့တာဖြစ်ပါတယ်။ ဂျန်ဂူဝင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း မင်းသားရဲ့ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး အတည်ပြုထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။


ဂျန်ဂူဝင်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ ရုပ်ရှင်ကတော့ အမ်ဘီစီ ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ "You're Too Much"ဖြစ်ပြီး မင်္ဂလာပွဲဆင်နွှဲပြီးနောက်မှာလည်း ဂျန်ဟာ သူ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## အမေရိကန်အိပ်မက်နှင့်မြန်မာ့အမြော်အမြင်




တိုးတက်သောနိုင်ငံတစ်နိုင်ငံနှင့် တိုးတက်သောဘဝတစ်ခုကို ရရှိလိုလျှင် စု၊ တု၊ ပြုဟူသည့်အဆင့်သုံးဆင့်ဖြင့်သာတက်သွားကြခြင်းဖြစ်ကြောင်း စာရေးဆရာလင်းယဉ်ရေးသားသော အမေရိကန်အိပ်မက်နှင့် မြန်မာ့အမြော်အမြင်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အပြောင်းအလဲပြုလုပ်ရာ၌ သမားရိုးကျမဟုတ်သော အပြောင်းအလဲကို လုပ်ဆောင်လိုလျှင် သာမန်ပြုလုပ်မှုထက် နှစ်ဆ နှုန်းမြင့်တင်၍ ကြိုးစားဖို့လိုကြောင်းရေးသားထားသည်။ မိမိပြုလုပ်ရာတွင်လည်း မည်သို့ပြုလုပ်ရမည်ကို နည်းလမ်းသိရှိရန် ပညာလိုသည်။ ပညာရရန် လူသားတိုင်းသည် စု၊ တု၊ ပြု အဆင့်သုံးဆင့်ကို အသုံးချရမည်ဖြစ်သည်။ ထိုပညာကိုရရှိရန် တစ်ကမ္ဘာလုံးဆိုင်ရာ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဟူသော ဘာသန္တရဗဟုသုတ၊ ကမ္ဘာလောကနှင့် ဒေသဆိုင်ရာကျွမ်းကျင်မှုဟူသော ဒေသန္တရဗဟုသုတတို့ကိုရှာကြရမည်ဖြစ်သည်။ တုပါဟု အတွေ့အကြုံရှိသူများကဆိုခဲ့သော ရှေးကလုပ်ခဲ့သည့် နည်းလမ်းများကိုဆင်ခြင်၍လည်းကောင်း၊ မှီငြမ်း၍လည်းကောင်း လုပ်ကိုင်ခြင်း၊ ထိုသို့တုပြီးလျှင် ကိုယ်ပိုင်ပြုကြရတော့မည်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို the key collection press၊ ၅(ခ) ၅ - လှာဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၅၅၈၁၆၁နှင့် ၀၉ - ၂၅၂၆၅၇၆၅၂တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာစွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇)





ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာနှင့်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့် အကြောင်းအရာများကို စွယ်စုံကျမ်းနှစ်ချုပ်၏မူအတိုင်း အပိုင်းသုံးပိုင်းခွဲခြားကာ စီစဉ်တင်ပြထားသည်။ အပိုင်း(၁)တွင် ကမ္ဘာနှင့် မြန်မာနိုင်ငံအတွင်း ထင်ရှားသည့်အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။ အပိုင်း(၂)တွင် အထူးဆောင်းပါးကြီးများအဖြစ် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်ပညာရှင်များ ပြုစုရေးသားထားသည့် ဆောင်းပါးများပါဝင်သည်။ အပိုင်း (၃)တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ၊ ကမ္ဘာ့နိုင်ငံများ စသည့် မှတ်တမ်းဆောင်းပါးများအပါအဝင် ၂၀၁၆ ခုနှစ်အတွင်း မှတ်တမ်းပြု ဖော်ပြအပ်သည့်အကြောင်းအရာများ၊ ထူးခြားထင်ရှား ဖြစ်ရပ်များပါဝင်သည်။

**စာအုပ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များတွင် တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဝယ်ယူနိုင်သည်။**

## မြေယာမှုခင်းပြဿနာများ





ကျူးကျော်သူအားဖယ်ရှားလိုမှုနှင့် မြေလက်ရောက်ရလိုမှုများတွင် လက်ရောက်ပြန်လည်ရရှိလိုပါက မြေယာနှင့်သက်ဆိုင်သည့် ဥပဒေအချက်အလက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် စီရင်ထုံးများကို သိရှိထားရန်လိုအပ်ကြောင်း ဦးသိန်းကိုကို(ပြည်နယ်တရားလွှတ်တော် တရားသူကြီး)ပြုစုသည့် မြေယာမှုခင်းပြဿနာ စာအုပ်ထွက်ရှိလာသည်။

ထို့ကြောင့်အဆိုပါ ဥပဒေအချက်အလက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဗဟိုတရားရုံးချုပ်၊ တရားရုံးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့မှ ထုတ်ဝေခဲ့သည့် လမ်းညွှန်စီရင်ထုံးများ၊ အလေးထားဖော်ပြချက်များကို ထိုစာအုပ်တွင် အသေးစိတ်စုဆောင်း ရှင်းလင်းထားသည်။ မြေယာနှင့်ပတ်သက်၍ မကင်းနိုင်သူများ၊ မြေယာမှုခင်းပြဿနာများနှင့် လုပ်ကိုင်နေရသော ရှေ့နေများလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ မြေညီထပ်၊ ၃၇ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၂၄၆၉၈၀နှင့် ၀၉ - ၇၃၀၄၃၈၇၃တို့မှတန်ဖိုးငွေကျပ် ၅၀၀၀ဖြင့်ဖြန့်ချိသည်။**

## အမှတ်တရဂန္ထဝင်စာစုများ





စာပေနယ်ပယ်မှဂီတဝါသနာရှင်များ၊ မထင်မရှားဆုံးပါးသွားသော ထင်ရှားကျော်ကြားသူများ၊ စာပေယဉ်ကျေးမှုနှင့် ဂီတရေးရာများစသည့် စာစဉ်များကို စာရေးဆရာစိန်သွေးရေးသားသည့် အမှတ်တရ ဂန္ထဝင်စာစုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တေးဂီတအကြောင်းအရာ သက်သက်ပဲမဟုတ်သည့်အပြင် စာပေနှင့်ဂီတဆက်နွယ်နေသော ပညာရှင်များ၊ ရုပ်ရှင်နှင့် ဇာတ်သဘင်နယ်ပယ်မှ အနုပညာရှင်များ၊ ခေတ်ဟောင်းဓာတ်ပြားခေတ်သာမက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ်တေးဂီတအနုပညာရှင်များ၊ ထင်ရှားသော ပုဂ္ဂိုလ်များအကြောင်းအရာများနှင့် အခြားအထွေထွေဗဟုသုတများရရှိနိုင်မည့်အကြောင်းအရာအမျိုးမျိုးကို ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုဒေါင်းစာပေ၊ အမှတ် - ၁၁၃၊ ၃၃ - လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၁၃၇၇၃၂၁၀နှင့် ၀၉၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## အင်္ဂလိပ်စကားပြောစတင်လေ့လာသူလက်စွဲ




လေ့လာခြင်းသည် တတ်မြောက်မှု၏ပထမခြေလှမ်းဟူသော ဆိုရိုးစကားအတိုင်း အင်္ဂလိပ်စကားပြောကိုလေ့လာလိုသူများအတွက် စာရေးဆရာထိန်လင်းရေးသားသော အင်္ဂလိပ်စကားပြောစတင်လေ့လာသူလက်စွဲစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ယနေ့ခေတ်တွင် International Language နိုင်ငံတကာသုံး အင်္ဂလိပ်စကား ပြောတတ်စေရန် မိမိတို့၏ ရင်သွေးငယ်၊ နောင်အနာဂတ်ကာလတွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်မည့်သားကောင်းရတနာများအနေဖြင့် အချိန်တိုအတွင်း အင်္ဂလိပ်စာအခြေခံစကားပြောနည်း၊ အသံထွက်မှန်ကန်အောင် ထွက်နည်းများနှင့် မိမိဘာသာစကားနှင့်ကွဲပြားသော အင်္ဂလိပ်စကားပြောခြင်းကိုလေ့လာလိုသောစေတနာဖြင့် လို၊ တို၊ ရှင်းရေးသားထားသည်။ ထို့ကြောင့် အခြေခံအင်္ဂလိပ်စကားပြောနည်းကိုလေ့လာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးနိုင်စေရန် ရည်ရွယ်၍ရေးသားပြုစုထားသော စာအုပ်တစ်အုပ် ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ် - ဝဲ၊ ၃၉ - လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## လွမ်းနေမယ်မေဆွိရေနှင့် အမှတ်တရရသစာစုများ




လေယာဉ်မှူးကြီး ဦးသိန်းဇော်က သူ၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားခဲ့သော ဆောင်းပါးများကိုစုစည်းပြီး စာအုပ်တစ်အုပ်ဖန်တီးထားသည်။

စာအုပ်တွင် သူ၏မိဘမှစပြီး မိသားစုမျိုးဆက်သုံးဆက်နှင့်ပတ်သက်သည့် ကြည်နူးအတုယူဖွယ် အကြောင်းအရာများ၊ သူကျင်လည်ခဲ့ရသည့် နယ်ပယ်အသီးသီးမှ သူငယ်ချင်းများနှင့်ပတ်သက်သည့် သူ့စိတ်တွင်စွဲထင်နေသည့် အကြောင်းအရာများ၊ သူ့ဘဝလုပ်ငန်းအတွေ့အကြုံများကို ကလောင်သွက်သွက်၊ စိတ်ကူးထက်ထက်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ ဆောင်းပါးအားလုံးသည် အကောင်းမြင်စိတ်ဖြင့်သာ ရေးသားထားခြင်းဖြစ်ပြီး ဖတ်ရှုအတုယူဖွယ်ရာ များစွာပါဝင်နေသည်ကို တွေ့ရသည်။ ရသစာပေရေးသားသူ ရှားပါးလာသော ယနေ့ခေတ်တွင် အရွယ်သုံးပါး ဖတ်ရှုနိုင်မည့် ဦးသိန်းဇော်၏ ဘဝအတွေ့အကြုံစာစုများသည် ဖတ်ရှုသူတို့အတွက် တစ်စုံတစ်ရာသော စိတ်ဓာတ်ခွန်အားကို ရရှိနိုင်မည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။**

## မြန်မာ–ဂျပန် စကားပြောလက်စွဲ




ယခုအချိန်အခါတွင် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံတော်တော်များများက ခရီးသွားများ လာရောက်လေ့လာသောအချိန်အခါဖြစ်သောကြောင့် မိမိတို့နိုင်ငံသားများအနေဖြင့် အင်္ဂလိပ်စကားပြောသာမက ဂျပန်စကားများကိုပါ လေ့လာထားသင့်ကြောင်း စာရေးဆရာဦးထိန်လင်းရေးသားသော မြန်မာ-ဂျပန် စကားပြောစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ဂျပန်ဘာသာကို ရောမအက္ခရာဖြင့် ရေးသားရာတွင် ဂျပန်မူသစ်အရရေးသား၍ ဂျပန်ဘာသာလေ့လာနေသူ မြန်မာပြည်သားများကို အကျိုးပြုနိုင်ရန် ရည်ရွယ်ကာရေးသားထားသည်။ မြန်မာနှင့်ဂျပန် နှစ်ဘာသာစလုံးနှင့်ပတ်သက်သော စာလုံးပေါင်းနှင့် အသံထွက်ဆက်စပ်မှုများကို အသေးစိတ် သီးသန့်ဖော်ပြထားသည့်အပြင် ရက်တိုတိုလာရောက်သော ကမ္ဘာလှည့်ခရီးသွားများအတွက်ပါဆောင်ထားသင့်သောစာအုပ်ဖြစ်သည်။

**စာအုပ်ကို လင်းထိန်စာပေ၊ အမှတ် - ၂၃၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၈၄၄၄၄၀၁၆နှင့် ၀၉ - ၄၄၃၁၀၀၂၇၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

## ပြည်ပကဟာဒယရွှင်ဆေး




မြန်မာစာပေ၌ ရသကိုးပါးရှိရာတွင်ဟာသရသလည်းတစ်ခုအပါအဝင်ဖြစ် သောကြောင့် စာရေးဆရာမောင်ကျေးဇူး၏ ပြည်ပက ဟာဒယရွှင်ဆေးစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင် တီဗွီအစီအစဉ်က ထုတ်လွှင့်နေသော ဟာဒယရွှင်ဆေးများကို ပြည်သူပြည်သားများကြိုက်နှစ်သက်သကဲ့သို့ ပြည်ပနိုင်ငံများကလည်း ဟာသစာပေကို လက်မလွှတ်တမ်းဖတ်ကြသည်။ နိုင်ငံတော်တော်များများကဖတ်ရှုကြသည့် Reader Digest မဂ္ဂဇင်းဆိုလျှင် Laughter The Best Medicine ဟုပုံသေခေါင်းစဉ်ပေးထားသောဟာသကဏ္ဍလစဉ်ပါရှိသည်။ စာရေးဆရာမောင်ကျေးဇူးကထိုဟာသများကို ဘာသာပြန်ထားသည့်သတိထားနော် အဲဒီပန်းအိုးက ရှေးဟောင်းပစ္စည်းနှစ် ၂၀၀၀ နီးပါးရှိနေပြီ၊ မစိုးရိမ်ပါနဲ့မိတ်ဆွေ၊ အသစ်ကျပ်ချွတ်လို့ ကျွန်တော်သဘောထားပါမယ် စသည့်ခေါင်းစဉ်များဖြင့် ဟာသအပုဒ်ရေပေါင်း ၁၄၃ ပုဒ်ကို ဘာသာပြန်ဆိုထားသောကြောင့် ဟာသကိုမှဖတ်လိုသူများအတွက် စီစဉ်ထုတ်ဝေထားခြင်းဖြစ်သည်။

**စာအုပ်ကိုရန်အောင်စာပေ၊ အ - ထ - က(၁)၊ ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ်-H၊ ၁၂ - လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၅၁၇၉၃၉၈ နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိသည်။**

Young Developer Holding Limited နှင့်
iMyanmarHouse.com တို့ ပူးပေါင်းကျင်းပသည့်

# မြိုင်မြိုင်ဆိုင်ဆိုင် ဝါကျွတ်အပီ အထူးအိမ်ရာအရောင်းပွဲတော်

# Special Housing Expo

အတည်ပြုတော့မည့် ကွန်ဒိုဥပဒေကို ကြိုဆိုသောအားဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရောင်းချပေးသွားမှာပါ။



- ✓ ဆောက်လုပ်ရေးကုမ္ပဏီ (၇) ခု
- ✓ ကွန်ဒို (၂၈) မျိုး
- ✓ အခန်းပေါင်း (၅၀၀) ကျော်ကို
- ✓ 5% to 20% အထိ အထူးသက်သာခွင့်များ
- ✓ 1 to 15 year အရစ်ကျစနစ်များ

အလုံ၊ စမ်းချောင်း ၊ လှိုင် ၊ ကျောက်တံတား ၊ ဗဟန်း ၊ ကမာရွတ် ၊
ပိုလ်တစ်ထောင် ၊ တာမွေ ၊ ဒဂုံ ၊ အင်းစိန် ၊ ရန်ကင်း ၊ သယ်န်းကျွန်း ၊
မင်္ဂလာတောင်ညွန့် နှင့် မရမ်းကုန်း မြို့နယ်များရှိ ကွန်ဒိုပေါင်း (၂၈) မျိုး

**နေ့ရက်** - (၂)၊ (၃) ရက် စက်တင်ဘာလ ၂၀၁၇ (စနေ၊ တနင်္ဂနွေ)
**အချိန်** - မနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
**နေရာ** - NOVOTEL HOTEL (Pathein Ballroom)
ပြည်လမ်း၊ ရန်ကုန်။

ပါဝင်ပြသမည့် ကုမ္ပဏီများ

iGREEN DEVELOPMENT & ENGINEERING GROUP | LIVING SQUARE ADVANCED ARTS & TECHNOLOGY | NGC NAING GROUP CAPITAL Co.,Ltd. | NGBM | ZBDG | RGGCL Resources Group Global | Ngapali Construction

ဆက်သွယ်ရန် - iMyanmarHouse.com (အိုင်မြန်မာဟောက်စ် ဒေါ်ကွန်း) 09-455294841~5

အသေးစိတ်ကြည့်ရန်နှင့်ကြိုတင်စာရင်းပေးရန် => www.imyanmarhouse.com/special-housing-expo



# အဝေးပြေးလမ်းများတွင် ယာဉ်ကျော်တက်သည့် အချက်ပြအမှားများကို မှန်ကန်သည်အထိပြုပြင်

နေပြည်တော် ဩဂုတ် ၃၀

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(National Road Safety Council–NRSC)၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၄၅ | ၉၂ | ၈၆ | ၃၂၃ |
| ၂ | ထိုင်း | ၇၂ | ၈၆ | ၈၈ | ၂၄၆ |
| ၃ | ဗီယက်နမ် | ၅၈ | ၅၀ | ၆၀ | ၁၆၈ |
| ၄ | စင်ကာပူ | ၅၇ | ၅၈ | ၇၃ | ၁၈၈ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၆၃ | ၉၀ | ၁၉၁ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၃ | ၆၄ | ၁၂၁ |
| ၇ | မြန်မာ | ၇ | ၁၀ | ၂၀ | ၃၇ |
| ၈ | ကမ္ဘောဒီးယား | ၃ | ၂ | ၁၂ | ၁၇ |
| ၉ | လာအို | ၂ | ၃ | ၂၁ | ၂၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၅ | ၉ | ၁၄ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

## (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်

# နိုင်ငံအလိုက် အဆင့်(၇)နေရာ မြန်မာအားကစားအဖွဲ့ရရှိ

ကွာလာလမ်ပူ ဩဂုတ် ၃၀

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ယနေ့ညပိုင်းတွင် ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး မြန်မာအားကစားအဖွဲ့က ဆုတံဆိပ် ၃၇ ခုဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့်(၇) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ●**





ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာခြင်းလုံးအသင်းနှင့် ပိုက်ကျော်ခြင်းအသင်းတို့အား တွေ့ရစဉ်။

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားနယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ထားသည့်ပစ္စည်းများ ထပ်မံတွေ့ရှိ

ဩဂုတ် ၂၉ ရက်က အလယ်သံကျော်ကျေးရွာမှ သိမ်းဆည်းရမိသော WFP တံဆိပ်ပါ ဘီစကွတ်ပုံးများအား တွေ့ရစဉ်။



နေပြည်တော် ဩဂုတ် ၃၀

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တန်ပြန်ချေမှုန်းရန် နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် အကြမ်းဖက်အဖွဲ့များ၏ အသုံးအဆောင်များနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ထောက်ပံ့ကူညီရေးပစ္စည်းများ ထပ်မံတွေ့ရှိခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

"ပြည်သူ့ကျန်းမာရေးအတွက်"
ယုဇနဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူဒါန
ရန်ကုန်မြို့ GRAND HANTHA INTERNATIONAL HOSPITAL ဆေးရုံကြီးတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ (၁)ရက်နေ့မှ (၃၀)ရက်နေ့ထိ နံနက် (၉)နာရီမှ ည(၈)နာရီအတွင်း နေ့စဉ်လူဦးရေ (၁၅၀) Booking စနစ်ဖြင့် စုစုပေါင်း (၄၅၀၀)ဦးအား ကုသဆွေးနွေးမှု ဆောင်ရွက်ပေးပါမည်။
အခမဲ့ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း နှင့် ကုသဆွေးနွေးပေးခြင်း အစီအစဉ်
၁။ OPD Clinic မှ ဝန်ဆောင်မှုပေးခြင်း။ (ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။)
၂။ အခြေခံသွေးစစ်ဆေးမှုများကို Fully Automatic Laboratory မှ ဆောင်ရွက်ပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၃။ Imaging Department မှ X-Ray, ECG ခေတ်မီ စက်များဖြင့် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၄။ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများကိုယ်တိုင် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)

















ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284
ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီး (၂၂၅)ဦးတို့မှ တစ်ဦးလျှင် Booking (၂၀)ဦးစီ ကုသဆွေးနွေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ဆရာဝန်ကြီးများ၏ အမည်နှင့်အချိန်ကို Facebook Page : www.facebook.com/grandhantha တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ယုဇနဖောင်ဒေးရှင်း – ယုဇနကုမ္ပဏီလီမိတက်